# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၀)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၀) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့၏ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၅**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၀) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

စစ်ရေးပြ လေ့ကျင့်မှုတွင် လေအိတ်ပုလွေတပ်စု၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ ဂုဏ်ပြုမြင်းစီးတပ်ခွဲ၊ ယန္တရားစစ်ကြောင်းများ၊ စစ်ကြောင်း (၇)ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာ ချီတက်ကြပြီး စစ်ရေးပြ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

## တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်၊ တပ်မတော်ရဲ့အစဉ်အလာကို စောင့်ထိန်း

ဆောင်းပါး စာ ၆

## ဝန်ထမ်းကောင်းများ၏ နိုင်ငံတော်

ဆောင်းပါး စာ ၁၀




# ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ(တတိယနေ့) ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ တတိယနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၉၄၉၆ ပါး/ဦးအနက် ၇၅၇၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**၂၅ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆ - ၃ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၀ | ၃၇၂၅ | ၃၆၉၀ | ၃၆၂၅ | ၃၇၃၀ | ၃၇၄၅ | ၃၇၆၅ | ၃၆၈၀ | ၄၅၀၅ | ၃၉၇၅ | ၃၇၀၀ | ၃၇၆၅ | ၃၇၇၀ | ၃၇၃၅ | ၃၇၅၅ | ၄၀၁၅ |
| 95 Ron | ၃၈၅၀ | ၃၉၆၀ | ၃၉၃၀ | ၃၈၆၅ | ၃၉၇၀ | ၃၉၈၅ | ၄၀၀၀ | ၃၉၂၀ | ၄၅၆၀ | ၄၂၁၅ | ၃၉၃၅ | ၃၉၉၅ | ၄၀၁၀ | ၃၉၇၅ | ၃၉၉၅ | ၄၂၅၀ |
| HSD (500 ppm) | ၄၃၉၀ | ၄၅၀၀ | ၄၄၇၀ | ၄၄၀၅ | ၄၅၁၀ | ၄၅၂၅ | ၄၅၄၀ | ၄၄၆၀ | - | ၄၇၅၅ | ၄၄၇၅ | ၄၉၉၀ | ၄၅၅၀ | ၄၅၁၅ | ၄၅၃၅ | ၄၇၉၀ |
| HSD (50 ppm) | ၄၈၂၀ | ၄၉၃၅ | ၄၉၀၀ | ၄၈၃၅ | ၄၉၄၀ | ၄၉၅၅ | ၄၉၇၅ | ၄၈၉၀ | ၄၈၃၀ | ၅၁၈၅ | ၄၉၁၀ | ၅၀၃၀ | ၄၉၈၀ | ၄၉၄၅ | ၄၉၇၀ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၂၀ | ၄၉၃၅ | ၄၉၀၀ | ၄၈၃၅ | ၄၉၄၀ | ၄၉၅၅ | ၄၉၇၅ | ၄၈၉၀ | - | ၅၁၈၅ | ၄၉၁၀ | ၅၀၄၅ | ၄၉၈၀ | ၄၉၄၅ | ၄၉၇၀ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၆၅၀ | ၃၇၅၇ |
| HSD (500 ppm) | ၄၁၇၃ | ၄၂၈၆ |
| HSD (50 ppm) | ၄၅၉၂ | ၄၇၀၃ |
| HSD (10 ppm) | ၄၅၉၂ | ၄၇၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းမှူး | - | ခင်ရတနာ | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | | | |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်မာ့အလင်း

# တီဘီရောဂါကင်းဝေးဖို့ နိုင်ငံတော်က ဦးဆောင်လို့ ပြည်သူ့အားဖြင့် ဆောင်ရွက်စို့

တီဘီရောဂါသည် ကမ္ဘာ့အပြင်းထန်ဆုံး ကူးစက်ရောဂါများထဲမှ တစ်ခုဖြစ်ပြီး ကာကွယ်၍၊ ကုသ၍ရသော ရောဂါဖြစ်သည့်တိုင် ကမ္ဘာတစ်ဝန်း သေဆုံးမှုများ၏ အဓိကအကြောင်းရင်း တစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ နှစ်စဉ်ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာ တီဘီရောဂါ ဖြစ်ပွားနေဆဲဖြစ်ပြီး ပြည်သူ့ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာ အကြောင်းအရာတစ်ရပ်လည်း ဖြစ်နေသည်။

မြေနိမ့်ရာ လှံစိုက် ဆိုရိုးစကားကဲ့သို့ပင် တီဘီရောဂါဖြစ်ပွားမှု အများစုသည် အရှေ့တောင်အာရှ၊ အာဖရိကနှင့် အနောက်ပစိဖိတ်ကဲ့သို့သော ဒေသများတွင်ရှိ ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်အဆင့်ရှိ နိုင်ငံများတွင် ဖြစ်နေသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ကမ္ဘာတစ်ဝန်းရှိ လူ ၁၀ ဒသမ ၆ သန်းခန့် တီဘီရောဂါ ဖြစ်ပွားခဲ့ရာတွင် HIV ကင်းစင်သူများထဲမှ တီဘီရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၃ သန်းခန့်ရှိခဲ့ပြီး HIV ရှိသူများထဲမှ တီဘီရောဂါကြောင့် သေဆုံးသူ ၁၆၇၀၀၀ ခန့်ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် တီဘီရောဂါ ဖြစ်ပွားမှု အများဆုံးနိုင်ငံများမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယားနှင့် ဘင်္ဂလားဒေ့ရှ်တို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီ၊ တီဘီ/အိတ်ချ်အိုင်ဗွီ၊ ဆေးယဉ်ပါးတီဘီရောဂါ အဖြစ်အများဆုံး နိုင်ငံ ၃၀ စာရင်းတွင်ပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင် ဒုတိယမြောက် တီဘီလူနာသစ်ဖြစ်ပွားမှု အများဆုံး နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း တီဘီရောဂါအမျိုးမျိုးကြောင့် လူ ၂၀၀၀၀ ခန့် သေဆုံးခဲ့သည်ဟုဆိုသည်။

တီဘီရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းများတွင် အာဟာရချို့တဲ့မှု၊ ဆင်းရဲနွမ်းပါးမှု၊ ဆီးချိုရောဂါဖြစ်ပွားမှု၊ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုတို့ ပါဝင်သည်။ တီဘီရောဂါသည် သာမန်မျက်စိဖြင့် မမြင်နိုင်သော ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပြီး လေမှတစ်ဆင့် ကူးစက်ပျံ့နှံ့သည်။ အဆုတ်တွင် အများဆုံးဖြစ်ပွားသည့် ရောဂါဖြစ်ပြီး ဦးနှောက်၊ ကျောရိုး၊ အူလမ်းကြောင်းကဲ့သို့ အခြား ခန္ဓာကိုယ်အစိတ်အပိုင်းများတွင်လည်း ဖြစ်ပွားနိုင်သည်။ တီဘီရောဂါ ဖြစ်ပွားသူသည် ဆေးကုသမှု စနစ်တကျ မခံယူပါက မိမိမှတစ်ဆင့် မိသားစုနှင့် ပတ်ဝန်းကျင်ရှိလူများကို အလွယ်တကူ ကူးစက်နိုင်သည့်အပြင် မိမိကိုယ်တိုင်လည်း ပထမအဆင့် တီဘီရောဂါကုဆေးများနှင့် မကုသနိုင်တော့သည့် ဆေးယဉ်ပါး တီဘီရောဂါ ဖြစ်လာနိုင်သည်။

သလိပ်တွင် တီဘီပိုးရှိသည့် ဝေဒနာရှင်များ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကျယ်လောင်စွာ စကားပြောခြင်းအားဖြင့် ရောဂါပိုးများ လေထဲသို့ပျံ့နှံ့သွားပြီး ဘေးပတ်ဝန်းကျင်ရှိ လူများရှူရှိုက်မိရာမှ ရောဂါပိုးကူးစက်ခံရနိုင်သည်။ အများအားဖြင့် ရောဂါပိုးရှိသူထံမှ အတူနေမိသားစုထံသို့လည်းကောင်း၊ ရုံးခန်း၊ စာသင်ခန်း၊ စက်ရုံ၊ အလုပ်ရုံ စသည့်နေရာတို့တွင် ရောဂါရှိသူထံမှ အခြားသူများထံသို့လည်းကောင်း ကူးစက်ပျံ့နှံ့နိုင်သည်။ ထို့ပြင် လူစုလူဝေးများပြားသည့် နေရာများ၊ အများပြည်သူသွားလာသည့် ယာဉ်၊ ရထားများ စသည်တို့တွင်လည်း ရောဂါရှိသူထံမှ ပတ်ဝန်းကျင်ရှိ လူများထံ ကူးစက်နိုင်သည်။ မည်သူမဆို တီဘီရောဂါ ကူးစက်ခံရနိုင်သော်လည်း တီဘီရောဂါပိုး ကူးစက်ခံရသူတိုင်း တီဘီရောဂါ ဖြစ်ပွားလေ့မရှိဟု ကျန်းမာရေးပညာရှင်များက ဆိုသည်။

အာဟာရချို့တဲ့သူ၊ ခုခံအားကျဆင်းနေသူ၊ ဆေးလိပ်သောက်သူ၊ အရက်အလွန်အကျွံသောက်သူ၊ အသက်ကြီးသူနှင့် ငါးနှစ်အောက် ကလေးများ၊ ဆီးချိုရှိသူများနှင့် အစာအိမ်ဖြတ်တောက်ထားရသူများ စသည့်သူတို့မှာ တီဘီရောဂါပိုး ကူးစက်ခံရပါက တီဘီရောဂါ ပိုမိုဖြစ်ပွားနိုင်ပြီး နေအိမ်နှင့် အလုပ်နေရာတို့တွင် အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းစွာမရသည့်နေရာ၊ လူမှုစီးပွားရေး နိမ့်ကျသည့် အခြေအနေတို့မှာလည်း တီဘီရောဂါ ဖြစ်ပွားရန် အားပေးသည်။ မိမိကိုယ်တိုင်အပါအဝင် မိသားစုအတွင်း နှစ်ပတ်နှင့်အထက် ချောင်းဆိုးလျှင်၊ ချောင်းဆိုးသည့်အခါ သွေး သို့မဟုတ် သလိပ် ပါလျှင်၊ အစားအသောက်ပျက်လျှင်၊ ကိုယ်အလေးချိန်ကျပြီး တဖြည်းဖြည်း ပိန်လာလျှင်၊ တငွေ့ငွေ့ဖျားလျှင် (အထူးသဖြင့် ညနေပိုင်း)၊ ညအခါ ချွေးအလွန်ထွက်လျှင် တီဘီရောဂါ ရှိ မရှိ စစ်ဆေးမှု ခံယူရန် လိုအပ်သည်။

မိမိတို့နိုင်ငံတွင် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းများ ရေးဆွဲပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေး ဆောင်ပုဒ်ဖြစ်သည့် “တီဘီရောဂါ ကင်းဝေးဖို့ နိုင်ငံတော်က ဦးဆောင်လို့ ပြည်သူ့အားဖြင့် ဆောင်ရွက်စို့” ဟူသည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ ကဏ္ဍပေါင်းစုံတို့ ပူးပေါင်းကာ ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါမည့်အကြောင်း။ ။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။

❖ *ရှေ့ဖုံးမှ*

အခမ်းအနား အစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၊ ယာဉ်ယန္တရားများ၏ စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက်နေရာယူမှုများ၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာ ချထားမှုများ၊ မြင်းစီးတပ်ခွဲနှင့် အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း ဝင်ရောက်နေရာယူမှုများအား ဦးစွာကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေမှ လေယာဉ်၊ ရဟတ်ယာဉ်များ၏ အချိန်ကိုက်အုပ်ဖွဲ့ ပျံသန်းလေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြ လက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှု၊ စစ်ရေးပြတပ်ခွဲအသီးသီး၏ စစ်ရေးပြလှုပ်ရှားမှုများနှင့် ဂုဏ်ပြုအမြောက်တပ်ဖွဲ့တို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါစစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အထူးတာဝန်တပ်ဖွဲ့ဝင်များ၊ ယာဉ်ယန္တရားများ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။






# (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ မြို့ဝင်မုခ်ဦးဖွင့်ပွဲ ကျင်းပ

**စစ်တွေ မတ် ၂၅**

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ မြို့ဝင်မုခ်ဦးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မြို့ဝင်မုခ်ဦးတည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့ထံ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက မြို့ဝင် မုခ်ဦးဖွင့်ပွဲ အထိမ်းအမှတ် ဓာတ်ပုံများပေးအပ်ကာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖတစ်ဦးတို့က စစ်တွေမြို့ မြို့ဝင်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က မြို့ဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့ဝင်မုခ်ဦး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားတွင် တီးခတ်ဖျော်ဖြေခဲ့ကြသည့် အခြေခံပညာကျောင်းများမှ ရခိုင်ယဉ်ကျေးမှုအဖွဲ့၊ ပန်းဖွားအဖွဲ့၊ အေရိုးဗစ်အကအဖွဲ့၊ အားကစားသင်တန်းသားများအဖွဲ့နှင့် ရခိုင်စည်တော်အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ စစ်တွေမြို့ မြို့ဝင်မုခ်ဦးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ– ဝင်းမင်းစိုး**



## ၂၀၂၆ ခုနှစ် Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေး

**ပဲခူး မတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက ပွင့်လင်းရာသီသို့ ရောက်ရှိလာသည့်အတွက် သစ်ရွက်ခြောက်များ စုပုံမီးရှို့ခြင်း၊ စွန့်ပစ်အမှိုက်များ မီးရှို့ခြင်းနှင့် ချုံနွယ်များ ရှင်းလင်းရာမှ မီးလောင်မှုဖြစ်ပေါ်လာတတ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မီးလောင်မှု hostpot များပြားနေခြင်းကို လျှော့ချနိုင်ရေးအတွက် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက Fire Hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးက တိုင်းဒေသကြီးအတွင်း မီးလောင်မှုများ လျှော့နည်းစေရန်နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကိုဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်–

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မင်းဘူး(စကု)မြို့နယ်၌ သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် စစ္စခမ်းရိုးအား တူးဖော်ဆောင်ရွက်ပေးသွားမည်



**မင်းဘူး မတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် ရေပုတ်ကျေးရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေ သီးနှံစိုက်ခင်းဧကပေါင်း ၄၀၀ အား ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် စစ္စခမ်းရိုးအား အရှည်ပေ ၃၂၀၀ တူးဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါရိုးရေနုတ်မြောင်းအား တူးဖော်ဆောင်ရွက်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက မတ် ၂၄ ရက် မွန်းလွဲပိုင်းက ရေပုတ်ကျေးရွာအနီး မိုင်တိုင် အမှတ် (၇/၀)ရှိ ကွင်းအမှတ် ၁၂၃၇ (က)တွင် ဒေသခံတောင်သူများနှင့် သွားရောက်တွေ့ဆုံပြီး တာဝန်ရှိသူများနှင့် တောင်သူများ၏ ရိုးတူးဖော်ခြင်းဆောင်ရွက်မည့် လုပ်ငန်းအား ရှင်းလင်းတင်ပြမှုပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေပုတ်ကျေးရွာရှိ စစ္စခမ်းရိုးတူးဖော်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တူးဖော်ပေးမည့် စစ္စခမ်းရိုး၏ အရွယ်အစားမှာ ပေတိုင် ၁၁၀၀ မှ ၃၃၀၀ အထိ ပျမ်းမျှ အောက်ခြေ အကျယ် ၆ ပေ၊ ထိပ်ဝအကျယ် ၁၄ ပေ၊ အနက်အမြင့် ၄ ပေအား လည်းကောင်း၊ ပေတိုင် ၃၃၀၀ မှ ၄၃၀၀ အထိ ပျမ်းမျှအောက်ခြေ အကျယ် ၇ ပေ၊ ထိပ်ဝအကျယ် ၁၉ ပေ၊ အနက်အမြင့် ၆ ပေအား လည်းကောင်း စနစ်တကျတူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အဆိုပါစစ္စခမ်းရိုးမှ တစ်ဆင့် သားမွေးချောင်း(နွားကူးရိုး) သို့ ဖြတ်သန်းစီးဆင်းစေမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံအရာရှိက ပြောသည်။

မင်းဘူး (စကု)မြို့နယ် ရေပုတ်ကျေးရွာရှိ စစ္စခမ်းရိုးအား တူးဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများဖြစ်သော ကွင်းအမှတ် ၁၂၃၇ (က) ရှိ ဧက ၃၀၀ နှင့် ကွင်းအမှတ် ၁၃၁၁ ရှိဧက ၁၀၀ စုစုပေါင်း သီးနှံစိုက်ဧက ၄၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူများက အဆိုပါ ရေနုတ်မြောင်းအား အကျိုးရှိစွာအသုံးချပြီး မိမိတို့၏ သီးနှံစိုက်ခင်းများအတွင်း မိုးများ၍ရေကြီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေရေး ကိုယ်ပိုင်လယ်ကြားမြောင်း၊ စိမ့်မြောင်းနှင့်ပတ်မြောင်းများ တူးဖော်၍အသုံးပြုဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် မြေသားမိုးရေလှောင်ကန် ပြုပြင်တူးဖော်



**ညောင်ဦး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာရှိ မြေသားမိုးရေလှောင်ကန်ကြီးအား ဒေသခံပြည်သူများနှင့် ကျေးငှက်တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစေရန် ရည်ရွယ်၍ ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတလူမှုရေး အသင်းအဖွဲ့များက ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းပြီး မတ် ၂၀ ရက်က စတင်၍ စက်ယန္တရားများဖြင့် ပြုပြင်တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာရှိ မြေသားမိုးရေလှောင်ကန်ကြီးမှာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ သစ်ပင်ချုံနွယ်များ၊ ရွှံ့၊ နုန်း၊ သဲများဖြင့် ဖုံးလွှမ်းကာ ရေဝင်ဧရိယာများ တိမ်ကောနေခြင်းကြောင့် ကျေးရွာနေပြည်သူများနှင့် ကျေးငှက်တိရစ္ဆာန်များ သောက်သုံးရေဖူလုံစေရေးအတွက် မိုးရေစုဆောင်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်သာယာစိမ်းလန်းစိုပြည်စေရန် ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတလူမှုရေး အသင်းအဖွဲ့များက စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းပြီး မြေသားမိုးရေလှောင်ကန်ကြီး ပရိဝုဏ်အတွင်း၊ အပြင်ရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဝင်ဧရိယာကျယ်ဝန်းစေရန်အတွက် စက်ယန္တရားများဖြင့် ကန်အတွင်းရှိ သဲ၊ နုန်း ရွှံ့နွံများ ဆယ်ယူရှင်းလင်းခြင်း (ကန်တူးဖော်ခြင်း)၊ ကန်အတွင်း ရေဝင်ရောက်မှုပိုမိုကောင်းမွန်စေရန် ရေမြောင်းတူးဖော်ခြင်း စသည့်ကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားမိုးရေလှောင်ကန်ကြီး ပြုပြင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ပနီတွင်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာနှစ်ရွာ၊ တဲတိုက် နှစ်ခုတို့မှ စုစုပေါင်းအိမ်ထောင်စု ၄၅၀ မှ ကျေးလက်နေပြည်သူများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူထားရှိသော ကျွဲနွားတိရစ္ဆာန်များအပြင် ကျေးငှက်တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေဖူလုံစေမည်ဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးမှ ကုသိုလ်ပါဝင်လှူဒါန်းလိုသော စေတနာရှင်အလှူရှင်များအနေဖြင့် ကန်တူးဖော်ရေး လုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ဘက်ဟိုး/ မြေသယ်ကားများအတွက် ၄ားရမ်းခ တစ်နာရီလျှင် ငွေကျပ် တစ်သိန်းနှုန်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြားထားကြောင်း သိရသည်။

ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဦးဆောင်သော ပရဟိတလူမှုရေးအသင်းအဖွဲ့များက ပုဂံညောင်ဦးဒေသရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် နှစ်စဉ် ပွင့်လင်းရာသီချိန်ရောက်တိုင်း ရေသယ်ယာဉ်များဖြင့် ရေလှူဒါန်းပေးခြင်း၊ ကျေးရွာ / တဲတိုက်များရှိ ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းများအား ကောင်းမွန်အောင်ပြုပြင်ပေးခြင်း၊ ယခုကဲ့သို့ မြေသားမိုးရေလှောင်ကန်များကို မိုးရေ ပိုမိုစုဆောင်းနိုင်ရန် ပြုပြင်တူးဖော်ခြင်းတို့ကို စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ဒေသအကျိုးပြုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျိုက်မရောအ၌ YMBA အသင်း၏ နှစ်(၁၂၀)ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ



**ကျိုက်မရော မတ် ၂၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) မှ ကျင်းပသည့် YMBA အသင်း၏ နှစ်(၁၂၀) ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ဇေတဝန်ကျောင်းတိုက် ဓမ္မာရုံ၌ပြုလုပ်သည်။

ဦးစွာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက လူသားနှင့် မင်္ဂလာတရားတော်၊ မင်္ဂလာပန်းခင်းစိုက်ပျိုးခြင်း၊ YMBAအသင်း၏ နှစ် (၁၂၀) ခရီးခေါင်းစဉ်သုံးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ အခြေခံပညာကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်၊ တပ်မတော်ရဲ့အစဉ်အလာကို စောင့်ထိန်း

## မီကီ(၅၈)

ဖေဖေ့သားတောင် စစ်သားကြီးလုံးလုံး ဗိုလ်မှူးကြီး ရှုံးလောက်ရဲ့ ဆိုတာလို ဘာလိုလိုနဲ့ ဗိုလ်မှူးကြီးတောင် ဖြစ်လာပါရောလား။ ဟုတ်တာပေါ့။ ၂၀၀၃ ခုနှစ်မှာ စစ်တက္ကသိုလ်သင်တန်း ဆင်းခဲ့တာဆိုတော့ အခုဆိုရင် စစ်သက်က ၂၃ နှစ်တောင်ကျော်နေပြီပဲ။ တပ်မတော်ကြီးကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် အဖြစ် တည်ဆောက်နေတဲ့ကာလမှာ တပ်မတော်သားဖြစ်ခွင့်ရတာ ဂုဏ်ယူစရာပါ။ လူသားထဲမှာမှ ယောကျ်ား၊ ယောကျ်ားထဲမှာမှ စစ်သားဖြစ်ရတာ ရတောင့်ရခဲပါ။ ဟုတ်တယ်လေ။ ယောကျ်ားဖြစ်မှ စစ်သားလုပ်ခွင့်ရတာတော့ မဟုတ်ပါဘူး။ အခုဆိုရင် စစ်သမီးတွေ၊ အမျိုးသမီးအရာရှိတွေကို မွေးထုတ်နေပြီလေ။ နိုင်ငံတကာမှာလည်း ဒီလိုပါပဲ။ လက်ရှိအချိန်မှာ အမျိုးသမီး (အရာရှိ / အခြားအဆင့်) ၅၀၀၀ ကျော်က အမျိုးသားတွေနဲ့တန်းတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို စွမ်းစွမ်းတမံထမ်းဆောင်နေကြပြီ။ အမျိုးသမီးလေသူရဲ၊ လေယာဉ်မှူးတွေကိုတောင် မွေးထုတ်ပေးနိုင်ခဲ့ပြီတဲ့။ ဂုဏ်ယူစရာပါ။

အခုနောက်ပိုင်း တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွေဟာ အလွန်ကိုကြီးကျယ်ခမ်းနားပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို စစ်ကြောင်းက သာမန်ချီတက်အလေးပြုရုံ မဟုတ်တော့ဘဲ စစ်လက်နက်ပစ္စည်းတွေသယ်ဆောင်လာတဲ့ယန္တရားယာဉ်တွေ၊ ရဟတ်ယာဉ်တွေ၊ လေယာဉ်တွေ ၊ လေထီးတပ်ဖွဲ့ဝင်တွေ ပါဝင်ချီတက်အလေးပြုတာတွေ့ရ၊ မြင်ရတော့ ဝမ်းသာလှိုက်လှဲမိတာ ကြက်သီးတောင် ထတဲ့အထိပါပဲ။

တကယ်တော့ ဒါတွေဟာ ဖေဖေတို့ရဲ့အိပ်မက်တွေပါပဲ။ "Dreams will come true." ဆိုတာလို ဖေဖေတို့ရဲ့ အိပ်မက်တွေ အကောင်အထည်ပေါ်လာတာပေါ့။ ဖေဖေတော့ဖြင့်လေ ဗိုလ်လောင်းဘဝကတည်းက ဖေဖေချစ်တဲ့တပ်မတော်ကြီးကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်စေချင်တာပါ။ ဖေဖေဗိုလ်လောင်းတုန်းက တပ်မတော်နေ့စစ်ရေးပြမှာ ပါဝင်ချီတက်ခွင့်ရခဲ့ဖူးတယ်။ အဲဒီတုန်းက သားရဲ့ဘကြီး (သူလည်းတပ်မတော်သားပါပဲ။ အဲဒီတုန်းက ဗိုလ်ကြီးအဆင့်ပဲရှိသေးတယ်။)

**"လူဆိုတာ ဆင်ခြင်တုံတရား ရှိကြရမှာပါ။ ဟုတ်၏၊ မဟုတ်၏၊ မှန်၏၊ မမှန်၏ကို ဆင်ခြင်တုံတရားနဲ့ ပိုင်းခြားဝေဖန်တတ်ရမှာပေါ့။ ကောင်းပြီလေ။ ကျီးကန်းဆိုတာမည်းမှန်း လူတိုင်းသိကြတာပါပဲ။ ဒါပေမယ့် "ကျီးကန်းဆိုတာ အဖြူပါ" ဆိုပြီး စကားပြောကောင်းသူကပြောတိုင်း၊ စာရေးကောင်းသူက ရေးတိုင်း၊ နားယောင်ကြတော့မှာလား။ ယုံကြတော့မှာလား။ မေးလိုက်ချင်စမ်းရဲ့"**

ဆီ စာရေးတဲ့အခါမှာ"တစ်နေ့နေ့ကျရင် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခြေလျင်စစ်သည်တွေတင်မဟုတ်ဘဲ စစ်လက်နက်ပစ္စည်းတွေ၊ ဒုံးပျံတွေသယ်ဆောင်ထားတဲ့ ယာဉ်ယန္တရားတွေက ချီတက်အလေးပြုတာကို မြင်ချင်စမ်းလှတယ်" ဆိုပြီး ရေးခဲ့ဖူးတယ်။ သားရဲ့ဘကြီးက ခပ်တိုတိုပဲ ပြန်စာရေးခဲ့တယ်။ "Your dreams will come true in the near future." တဲ့။ အဓိပ္ပာယ်က "မင်းအိပ်မက်တွေ မကြာမီအကောင်အထည်ပေါ်လာမှာပါ" ပေါ့။ အခုတော့ ဖေဖေ့အိပ်မက်တွေ အကောင်အထည်ပေါ်လာပြီလို့ ပြောရမှာပေါ့။

**သားရေ–**

တပ်မတော်ကြီးကို ဒီလိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်အောင် ကြိုးပမ်းနေချိန်မှာ မနာလို၊ မရှုဆိတ်တဲ့လူတစ်စုက စွပ်စွဲပုတ်ခတ်မှု၊ နှိမ့်ချမှု၊ ကောလာဟလထုတ်လွှင့်မှုတွေကတော့ အမျိုးမျိုးပါပဲ။ တကယ်တော့ တပ်မတော်ဟာ နိုင်ငံတော်ကိုကိုယ်စားပြုတဲ့ တပ်မတော်ပဲ ဖြစ်ပါတယ် သားရယ်။ နိုင်ငံတော်ကိုကိုယ်စားပြုတဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူရဲ့အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်လျက်ရှိတဲ့ တပ်မတော်ပါ။

မြန်မာ့တပ်မတော်ဟာ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုတွေနဲ့ ဖွဲ့စည်းထားတဲ့ မျိုးချစ်ပြည်ထောင်စုတပ်မတော်ကြီးပါ။ ပြည်ထောင်စုတိုင်းရင်းသားတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့တိုင်းရင်းသားတွေ ပါဝင်ဖွဲ့စည်းထားတဲ့ တပ်မတော်တစ်ရပ်ပေါ့။ တစ်ခါတုန်းက ပြင်သစ်နိုင်ငံက မဟာဗျူဟာလေ့လာရေးဌာန၊ ဌာနမှူးတစ်ယောက်နဲ့ ဖေဖေ တွေ့ဆုံစကားပြောခွင့်ရခဲ့တယ်။ သူကတော့ ဖေဖေ တာဝန်ထမ်းဆောင်ခဲ့တဲ့ သင်တန်းကျောင်းနဲ့ ပတ်သက်ပြီး မေးမြန်းတာပါ။ သူက "Are there any other nationals in your course a part from Myan–mar?" မေးခဲ့တယ်။ "မင်းတို့သင်တန်းမှာ မြန်မာအပြင် အခြားတိုင်းရင်းသားတွေ သင်တန်း တက်ရောက်နေသလား ..." ပေါ့ "As you know, our Tatmadaw compries national brethren. We have Kachin, Kayar, Kayin, Chin, Mon, Rakhine, Shan nationals as trainees a part from Myanmar in our course." လို့ ပြန်ပြောလိုက်တယ်။ "မင်းသိတဲ့အတိုင်း၊ ငါတို့တပ်မတော်ဟာ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ ဖွဲ့စည်းထားတာပါ။ ငါတို့ရဲ့သင်တန်းမှာ မြန်မာအပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နဲ့ ရှမ်းတိုင်းရင်းသားတွေဟာ သင်တန်းသားအဖြစ် တက်ရောက်နေကြတယ်" ဆိုပြီးပြောလိုက်တော့ ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်နေပုံပါပဲ။

ဒီတော့ ပြောစမ်းပါရစေ သားရေ။ တပ်မတော်ဟာ လူမျိုးရေးမုန်းတီးမှုကြောင့် လက်နက်ကိုင်ပဋိပက္ခတွေကို နှိမ်နင်းနေတာမဟုတ်ပါဘူး။ စစ်သည်တော်ကျင့်ဝတ် (၆၀) ထဲမှာပါတဲ့ ရန်သူအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ်(၅)ပါးက ဒီလိုမဟုတ်လား–

- ❖ စစ်မြေပြင်တွင် ရန်သူကို နေလို၊ မီးလို ကျင့်ပါ။
- ❖ ရန်သူကို ရန်သူလို သဘောထားပါ။
- ❖ ရန်သူက အညံ့ခံလျှင် မိမိက ခွင့်လွှတ်သည့်စိတ်ဖြင့် ပြုမူဆက်ဆံပါ။

**"နိုင်ငံတော်အစိုးရဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာအားလုံး အသိပါ။ တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို လိုလားပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော တပ်မတော်သားတွေလောက် ငြိမ်းချမ်းရေးကိုလိုလားသူ၊ မြတ်နိုးသူဆိုတာ မရှိနိုင်ပါဘူး။ တပ်မတော်အနေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နှိမ်နင်းနေရတာဟာ မလုပ်မဖြစ်လို့ လုပ်နေရတာပါ။ ဒါကိုလည်း ပြောကြပါသေးရဲ့။ တပ်မတော်ကပဲ ငြိမ်းချမ်းရေးကိုမလိုလားဘူး၊ ငြိမ်းချမ်းရေးကျင့်ဝတ်တွေ ချိုးဖောက်တယ်ဆိုပြီး ပြောချင်တိုင်းပြောနေကြသေးတယ်။ ဖေဖေတို့ တပ်မတော်သားတွေကတော့ စည်းကမ်းနဲ့ဥပဒေကြားမှာ ကြီးပြင်းလာကြတော့ ခံပြင်းပေမယ့် မျက်ကန်းတစ္ဆေမကြောက်ဆိုတာလို ပြောချင်တိုင်းပြော၊ ပုတ်ခတ်ချင်တိုင်း ပုတ်ခတ်နေကြတာကို ပြန်ပြီးမတုံ့ပြန်ဘဲ အလုပ်နဲ့ပဲ သက်သေပြနေတာပါ"**

- ❖ ရန်သူကို အထင်လည်းမကြီး၊ အထင်လည်း မသေးမိစေရန် သတိပြုပါ။
- ❖ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအတွက် ရန်သူကိုမတိုက်လျှင်မဖြစ်၍သာ တိုက်နေရကြောင်း နားလည်ပါစေ။

ဒါတွေဟာ ရန်သူအပေါ်ထားတဲ့ တပ်မတော်ရဲ့ သဘောထားခံယူချက်တွေဖြစ်ပြီး တပ်မတော်ဟာ ရန်သူကို မတိုက်မဖြစ်လို့ တိုက်နေရတာပါ။ ရန်သူက လက်နက်ချအလင်းဝင်လာရင် တန်းတူရည်တူ ဆက်ဆံပြီး သဘောထားကြီးစွာ ပြုစုစောင့်ရှောက်ခဲ့ကြပါတယ်။ ဒါပေမယ့် တိုင်းရင်းသားနယ်မြေအချို့မှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေကတော့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ တပ်မတော်အပေါ်မှာ ဒီလိုသဘောထားခံယူချက်မရှိကြဘူးဆိုတာ ပေါ်လွင်နေပါတယ်။ ဖမ်းဆီးရမိတဲ့ တပ်မတော်သားတွေ၊ မိသားစုဝင်တွေကို ရက်ရက်စက်စက် ညှဉ်းပန်းရက်စက်သတ်ဖြတ်တာတွေဟာ တကယ့်ကို လူမဆန်လွန်းလှပါတယ်။

သားတို့စစ်ဗျူဟာဟာ နယ်မြေစိုးမိုးရေးတာဝန်ထမ်းဆောင်ရင်း ဆေးပေးခန်းမရှိတဲ့ကျေးရွာတွေရောက်တဲ့အခါ ပြည်သူတွေကို ဆေးကုသပေးတယ်လို့ သားရဲ့စာထဲမှာဖတ်ရတော့ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ရမယ်ဆိုတဲ့ တပ်မတော်ရဲ့ တာဝန်တစ်ရပ်ကို ဖေဖေ့သားတစ်ယောက်ဆောင်ရွက်နိုင်စွမ်းရှိနေပြီဆိုတာ နားလည်လိုက်မိလို့ ဝမ်းသာမိပါတယ်။ သတင်းစာတွေထဲမှာ၊ ရုပ်မြင်သံကြားတွေထဲမှာ ဖတ်မိ၊ ကြည့်မိမှာပေါ့။ တပ်မတော်ဆေးကုသရေးအဖွဲ့တွေဟာ ဆေးရုံ၊ ဆေးပေးခန်းနဲ့ အလှမ်းဝေးတဲ့ဒေသတွေအထိ အရောက်သွားပြီး အခမဲ့ဆေးကုသပေးနေတာတွေ၊ ရေရှားပါးတဲ့ အရပ်ဒေသတွေမှာ ရေပေးလှူနေတာတွေဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်နေချိန်မှာ နိုင်ငံတော်အစိုးရအဆက်ဆက်ကို တပ်မတော်အနေနဲ့ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးနေတာပါပဲ။ သားတို့စစ်ကြောင်းရဲ့လုပ်ရပ်ဟာ ပြည်သူကိုစည်းရုံးခြင်းဖြစ်ပြီး တပ်မတော်လုပ်ငန်းတာဝန်သုံးရပ်ထဲက လုပ်ငန်းတာဝန်တစ်ရပ်ကို အကောင်အထည်ဖော်နေတာလို့ ဖေဖေတော့ အသိအမှတ်ပြုချင်ပါတယ်။

ပြည်ပသတင်းမီဒီယာတွေက သတင်းတွေ ဖတ်ရှုတယ်၊ နားထောင်တယ်ဆိုပြီး သားရဲ့စာထဲမှာရေးထားတာ ဖတ်ရပါတယ်။ ပြည်ပသတင်းမီဒီယာက သတင်းကိုရယူတာဟာ Globalization ဖြစ်စဉ်အရ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဖြစ်လာချိန်မှာ ခေတ်ကာလကို မျက်ခြည်မပြတ်ဘဲ နိုင်ငံတကာရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုတွေကို သိနိုင်တာတော့ အမှန်ပဲ။ ဒါပေမယ့် ပြည်ပသတင်းမီဒီယာအများစုဟာ ဗဟုသုတရဖွယ်အစီအစဉ်တွေပါရှိသလို သူတို့အလိုကျမဟုတ်တဲ့၊ သူတို့အနိုင်ကျင့်ဗိုလ်ကျချင်တဲ့ ကမ္ဘာ့နိုင်ငံအချို့၊ အဲဒီထဲမှာပါတဲ့ မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်အပေါ် ရည်ရွယ်ချက်ကြီးမားစွာ အစဉ်အဆက်တိုက်ခိုက်ပုတ်ခတ်နေတဲ့ အစီအစဉ်တွေလည်းပါဝင်နေတာ ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်တဲ့အပြင် ဗိုလ်မှူးကြီးတစ်ယောက်တောင် ဖြစ်နေတဲ့ သားအနေနဲ့ သတိထားမိမှာပေါ့။ မှန်တာက ၂၅ ရာခိုင်နှုန်း၊ မဟုတ်မမှန် သားပုပ်လေလွင့်ပြောတာက ၇၅ ရာခိုင်နှုန်းဆိုတော့ ဆင်ခြင်တုံတရားနည်းပါးသူတွေအတွက်တော့ ဟုတ်နိုးနိုးပေါ့။ ဒီတော့ ယူသင့်တာယူ၊ ပယ်သင့်တာပယ်ပေါ့ သားရေ။

မီဒီယာလွတ်လပ်ခွင့်ပေးခဲ့ချိန်တုန်းက စာစောင်အချို့ဟာ အစိုးရကိုမကောင်းမြင်ဝါဒနဲ့ ဝေဖန်၊ တပ်မတော်ကိုပုတ်ခတ်တဲ့ ပေါ်ပင်ဆောင်းပါးကို အလုအယက်ထည့်ပြီး ရောင်းအားတက်အောင် လုပ်ခဲ့ကြတယ်။ ငယ်စဉ်က စာစီစာကုံးကိုတောင် နိဒါန်း၊ စာကိုယ်၊ နိဂုံး မှန်အောင်မရေးနိုင်တဲ့သူတွေကလည်း တပ်မတော်ကို ပုတ်ခတ်ဝေဖန်တဲ့စာတွေ ရေးပြီး ခေတ်ပေါ်စာရေးဆရာတွေ ဖြစ်ခဲ့ဖူးကြလေရဲ့။

လူဆိုတာ ဆင်ခြင်တုံတရားရှိကြရမှာပါ။ ဟုတ်၏၊ မဟုတ်၏၊ မှန်၏၊ မမှန်၏ကို ဆင်ခြင်တုံတရားနဲ့ ပိုင်းခြားဝေဖန်တတ်ရမှာပေါ့။ ကောင်းပြီလေ။ ကျီးကန်းဆိုတာမည်းမှန်း လူတိုင်းသိကြတာပါပဲ။ ဒါပေမယ့် "ကျီးကန်းဆိုတာ အဖြူပါ" ဆိုပြီး စကားပြောကောင်းသူကပြောတိုင်း၊ စာရေးကောင်းသူက ရေးတိုင်း၊ နားယောင်ကြတော့မှာလား။ ယုံကြတော့မှာလား။ မေးလိုက်ချင်စမ်းရဲ့။

*စာမျက်နှာ ၇ သို့*

# မွန်မြတ်ပါပေ့ တပ်မတော်နေ့

☆ မတ်လ၂၇ တပ်မတော်နေ့
မရွှေ့တည်ပေါ့ ပြည်မြန်မာ။
နယ်ချဲ့တွေ ကျူးကျော်စစ်
မြစ်ဖြတ်ပေတာ။
တပ်မတော်နဲ့ ပြည်သူဟာ
တွဲလက်မှာ မြဲတမြဲ။
ပြည့်အားကို ပြည်မှာဖော်လို့
ကျော်ရသည့်ပွဲ။

☆ မတ်လ၂၇ တပ်မတော်နေ့
မသွေ့တည်ပေါ့ ပြည်မြန်မာ။
မျိုးချစ်တွေ ပြည်ချစ်သွေးနဲ့
ရေးခဲ့သစ္စာ။
ပြည့်ချစ်တဲ့ သွေးမဟာ
ပြည့်ရင်မှာ တည်အမြဲ။
တပ်မတော်ဆို ထိုခါနေ့က
လမ်းပြအမြဲ။

☆ မတ်လ၂၇ တပ်မတော်နေ့
မမေ့တည်ပေါ့ ပြည်မြန်မာ။
တို့နိုင်ငံ လွတ်လပ်ရေး
မွေးဖွားခဲ့တာ။
တပ်မတော်နေ့ အစတည်ကာ
ရခဲ့ပါ လွတ်လပ်ရေး။
ထာဝစဉ်ဆို ထာဝရ
ထိန်းကြစို့လေး။

☆ မတ်လ၂၇ တပ်မတော်နေ့
ပွေ့ကာတည်ပေါ့ ပြည်မြန်မာ။
နိုင်ငံရဲ့ အသက်သွေး
လွတ်လပ်ရေးပါ။
ထိန်းသိမ်းလို့ ကာကွယ်ရာ
ဝန်တာဟာ ပြည်သားတို့။
ကိုယ့်ဝန်တာ ကိုယ်တွေထမ်းလို့
လှမ်းရှေ့ဆက်စို့။

☆ မတ်လ၂၇ တပ်မတော်နေ့
ဖွေ့ကာတည်ပေါ့ ပြည်မြန်မာ။
တို့မြေကို တစ်လက်မ
ထိကမခံတာ။
လက်သည်းဆိတ်က လက်ထိပ်နာ
မချိုပါ ရင်ပူမြဲ။
ပြည်သူတွေ ပူးကာတွဲလို့
နွှဲနေတဲ့ပွဲ။

☆ မတ်လ၂၇ တပ်မတော်နေ့
မွေ့ကာတည်ပေါ့ ပြည်မြန်မာ။
တို့နိုင်ငံ ပြည်အဝှမ်း
အေးချမ်းဖို့ရာ။
တပ်မတော်နဲ့ ပြည်သူဟာ
တွဲလက်မှာ ဘယ်မကွဲ။
တို့နိုင်ငံ တို့အရေးကိုလ
မချိုနိုင်ရန် တို့စဉ်တွေးလို့ရယ်
ခားသွေးစဉ်မြဲ။ ။

**ပြေအေးသက်**

## ၂၀၂၆ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

*စာမျက်နှာ ၆ မှ*

တပ်မတော်ဟာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ မျိုးချစ်တပ်မတော်ပါ။ အစဉ်အလာကြီးမားပြီး စည်းကမ်းရှိတဲ့ တပ်မတော်ပါ။ တပ်မတော်ကို အမျိုးမျိုးလက်ညှိုးထိုးပြီး တပ်မတော် အင်အားချည့်နဲ့အောင်၊ တပ်မတော်နဲ့ ပြည်သူသွေးကွဲအောင် စကားပြောကောင်းသူက နားဝင်အောင်ပြောတိုင်း၊ စာရေးကောင်းသူက တဖွဲ့တနွဲ့ရေးတိုင်း နားယောင်ကြမှာလား။

နိုင်ငံတော်အစိုးရဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာအားလုံးအသိပါ။ တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို လိုလားပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော တပ်မတော်သားတွေလောက် ငြိမ်းချမ်းရေးကို လိုလားသူ၊ မြတ်နိုးသူဆိုတာ မရှိနိုင်ပါဘူး။ တပ်မတော်အနေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နှိမ်နင်းနေရတာဟာ မလုပ်မဖြစ်လို့ လုပ်နေရတာပါ။ ဒါကိုလည်း ပြောကြပါသေးရဲ့။ တပ်မတော်ကပဲ ငြိမ်းချမ်းရေးကိုမလိုလားဘူး၊ ငြိမ်းချမ်းရေးကျင့်ဝတ်တွေချိုးဖောက်တယ်ဆိုပြီး ပြောချင်တိုင်းပြောနေကြသေးတယ်။ ဖေဖေတို့တပ်မတော်သားတွေကတော့ စည်းကမ်းနဲ့ ဥပဒေကြားမှာ ကြီးပြင်းလာကြတော့ ခံပြင်းပေမယ့် မျက်ကန်းတစ္ဆေမကြောက်ဆိုတာလို ပြောချင်တိုင်းပြော၊ ပုတ်ခတ်ချင်တိုင်း ပုတ်ခတ်နေကြတာကို ပြန်ပြီးမတုံ့ပြန်ဘဲ အလုပ်နဲ့ပဲ သက်သေပြနေတာပါ။ ဒါကို သူတို့ဘာသာသူတို့ အဟုတ်ကြီးထင်နေကြပြန်ရော။ ခက်သားလား သားရယ်။ လူကောင်းနဲ့ ခွေးရူးလိုတော့ဖြစ်နေပြီ။ ခွေးရူးနဲ့တော့ ဖက်ပြိုင်ပြီး ကိုက်လို့မရနိုင်ပါဘူး။ ဒီတော့ အမှန်တရားဆိုတာ တစ်နေ့နေ့မှာ အောင်ပွဲရမှာဆိုတဲ့ ဓမ္မတာအတိုင်း အဲဒီတစ်နေ့နေ့ကိုပဲ ဖေဖေတို့မှာ မျှော်တလင့်လင့်နဲ့ စောင့်မျှော်နေကြရတာပါ။

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကို မတ်လ ၂၇ ရက်နေ့မှာ ခမ်းခမ်းနားနား ကျင်းပတော့မှာဖြစ်လို့ဖေဖေ့ကို တက်ရောက်ဖို့ ဖိတ်ကြားလာလို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာ တက်ရောက်လိုက်ဦးမယ်လေ။ သားကတော့ နယ်မြေလုံခြုံရေးနဲ့ စိုးမိုးရေးတာဝန်နဲ့ အဝေးတစ်နေရာမှာ တာဝန်ထမ်းဆောင်နေတော့ ရုပ်မြင်သံကြားတို့၊ အွန်လိုင်းတို့ကနေပဲ ကြည့်ရှုနိုင်မယ် ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ပြည်သူချစ်တဲ့ တပ်မတော်၊ ပြည်သူကိုချစ်တဲ့ တပ်မတော်၊ ပြည်ထောင်စုတပ်မတော်ကြီး တိုးတက်ပြောင်းလဲပြီး စွမ်းရည်ထက်မြက်၊ အင်အားတောင့်တင်းတဲ့ ခေတ်မီတပ်မတော် (Standard Army) ကြီး ဖြစ်လာတာကို ဂုဏ်ယူအားပေးလိုက်ကြရအောင်ပါ သားရေ။

ဒီတော့ ပြောလိုက်စမ်းပါရစေ သားရေ..။ ဖေဖေတို့ သားတို့ကို ပြုစုပျိုးထောင်ပေးခဲ့တဲ့ တပ်မတော်ကြီးရဲ့ဂုဏ်ကို မြှင့်တင်ပါ။ တပ်မတော်ရဲ့ အစဉ်အလာကို စောင့်ထိန်းပါ။ ပြောသင့်တာကိုပဲ ပြောပါ။ ပေါင်းသင့်တဲ့သူနဲ့ပဲ ပေါင်းပါ။ သွားသင့်တဲ့နေရာကို သွားပါ။ ပြီးတော့. . . ဖတ်သင့်တာဖတ်၊ နားထောင်သင့်တာ နားထောင်ပါ။ ဒါပေမယ့်. .သွေးထိုးလှုံ့ဆော်တဲ့ အဖျက်စကားတွေတော့ နားမယောင်စေနဲ့ သားမောင်ရေ. . ”။ ။

# STAR FM Radio ထုတ်လွှင့်မှု (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ




**ရန်ကုန် မတ် ၂၅**

STAR FM Radio ထုတ်လွှင့်မှု (၄) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

ဦးစွာ STAR FM Radio ဂုဏ်ပြုတေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေပြီး STAR FM Radio စတင်ထုတ်လွှင့်ခဲ့ချိန်မှ လက်ရှိအချိန်အထိ လုပ်ငန်းများဆောင်ရွက်ခဲ့မှု Documentary Video Clip ပြသသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင် (ကိုယ်စား) သတင်းနှင့် မီဒီယာလုပ်ငန်း (မြဝတီ) ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက STAR FM Radio ထုတ်လွှင့်မှု (၄)နှစ်မြောက် နှစ်ပတ်လည် ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်ပြီး STAR FM Radio ဌာနခွဲအလိုက် ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ပြီး နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များက တေးသီချင်းများနှင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် မြဝတီမီဒီယာစင်တာနှင့် STAR FM Radio မှ ဝန်ထမ်းများက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ နှစ်ပတ်လည်အခမ်းအနားသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လက်ရှိထုတ်လွှင့်နေသော FM အသံလွှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ၊ မိတ်ဖက်ကုမ္ပဏီနှင့် လုပ်ငန်းရှင်များ၊ ရုပ်ရှင်၊ ဂီတနှင့် သဘင်တို့မှ ဖိတ်ကြားထားသူများနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ရှိတွင် STAR FM Radio ထုတ်လွှင့်မှုကို နေပြည်တော်၊ ရန်ကုန်၊ စစ်ကိုင်းနှင့် ပြင်ဦးလွင်မြို့များရှိ FM လှိုင်းနှုန်း 90.3 MHz ဖြင့် နေ့စဉ်ထုတ်လွှင့်လျက်ရှိသည်။ Telegram Channel နှင့် Radio Garden Application STAR FM 90.3 MHz Channel တို့မှ Online Live Stream အနေဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာ နားဆင်နိုင်အောင် ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

STAR FM Radio ကို ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်မှ စတင်ထုတ်လွှင့်ရာ လက်ရှိတွင် ၄ နှစ်သို့ ပြည့်မြောက်ခဲ့ခြင်းလည်း ဖြစ်သည်။ STAR FM Radio မှ အစီအစဉ်များကို နေ့စဉ်နံနက် ၅ နာရီမှ ညပိုင်း ၁၁ နာရီအချိန်အထိ ထုတ်လွှင့်ချိန် ၁၈ နာရီအတွင်း တရားဓမ္မအစီအစဉ်များ၊ ပြန်ကြားရေး၊ ပညာပေး၊ ဖျော်ဖြေရေး၊ အင်္ဂလိပ်ပိုင်းနှင့် တိုက်ရိုက်ထုတ်လွှင့်မှု စသည့်အစီအစဉ်ကောင်းများဖြင့် စုစုပေါင်းအစီအစဉ် ၆၃ ခုဖြင့် ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြသခြင်း ဆောင်ရွက်

**မကွေး မတ် ၂၅**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းအခမ်းအနားကို ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးဝင်းအတွင်း ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်အလက်များကို အသိပညာပေးရှင်းလင်းခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်အလက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

### လက်တွေ့သရုပ်ပြဆောင်ရွက်

ထို့နောက် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုတတ်စေရေး သရုပ်ပြသခြင်း၊ “191” Application အသုံးပြုပုံ၊ ဂက်စ်မီးလောင်မှုအား ငြိမ်းသတ်မှုသရုပ်ပြခြင်း၊ ဆီမီးလောင် ငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကိုဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်အား မတ် ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ် မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး၊ ဥတုဘေး။**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

● *ကျောဖုံးမှ*

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲထွက်ခွာမည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ထို့နောက် ရထားပေါ်ရှိ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုက်ပါသွားသည့် ခရီးသည်များအား လက်ပြနှုတ်ဆက်ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ခြောက်ခေါင်းကို မြင်းကောင်ရေ ၁၆၀၀ အား ဘက်ထရီလျှပ်စစ်စက်ခေါင်းအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးခဲ့ပြီး အလားတူ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ဘက်ထရီလျှပ်စစ်စက်ခေါင်း ခြောက်ခေါင်း စုစုပေါင်း ၁၂ ခေါင်းကို ထုတ်လုပ်သွားမည်ဖြစ်သည်။

ထုတ်လုပ်ပြီးဖြစ်သည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းများကို နေပြည်တော်-မန္တလေး လမ်းပိုင်းတွင် လေအေးပေးစက်ပါ လေအိတ်အထူးအမြန်ရထားဖြင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ စတင်၍ လည်းကောင်း၊ ပြင်ဦးလွင် - ဇီးပင်ကြီး တောင်ပေါ်လမ်းပိုင်း လူစီးရထားတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ လည်းကောင်း ပြေးဆွဲအသုံးပြုခဲ့ပြီး ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းတွင် ယနေ့မှစတင်၍ ဘက်ထရီလျှပ်စစ်ရထားစက်ခေါင်းကို လူစီးတွဲလေးတွဲနှင့် ဘရိတ်တွဲတစ်တွဲ ချိတ်ဆက်အသုံးပြု၍ ရန်ကုန် - တိုးကြောင်ကလေး၊ ရန်ကုန် - အင်းစိန်နှင့် ရန်ကုန်မြို့ပတ်ခရီးစဉ်များကို ပြေးဆွဲပေးမည်ဖြစ် သည်။

ရန်ကုန်မြို့ပတ် လမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်း တစ်ခေါင်းဖြင့် အစားထိုးပြေးဆွဲခြင်းကြောင့် တစ်ရက်အတွက် ဘဏ္ဍာငွေ ခြောက်သိန်းကျော် ခြိုးခြံချွေတာနိုင်သဖြင့် တစ်လအတွက် ကျပ်သိန်း ၁၈၀ ကျော် ကုန်ကျစရိတ် သက်သာနိုင်မည် ဖြစ်သည့်အပြင် တစ်ရက်လျှင် ဒီဇယ်ဆီ ၆၆ ဂါလန်နှုန်းဖြင့် တစ်လအတွက် ဒီဇယ်ဆီဂါလန် ၁၉၈၀



လျှော့ချသုံးစွဲနိုင်မည်ဖြစ်သည်။

ဘက်ထရီစွမ်းအင်သုံးလျှပ်စစ်စက်ခေါင်းနှင့် ရထားတွဲဆိုင်းများပြေးဆွဲပေးနိုင်ခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှု လုံးဝမဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေခြင်း၊ အသံဆူညံမှုကို လျှော့နည်းစေခြင်း၊ ဒီဇယ်ဆီအသုံးပြုစက်ခေါင်းနေရာတွင် ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်စက်ခေါင်းများဖြင့် အစားထိုးသုံးစွဲနိုင်မှုကြောင့် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းနေရသည့် နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ဘက်ထရီစက်ခေါင်းများကို အစားထိုးပြေးဆွဲပေးခြင်းဖြင့် ဒီဇယ်ဆီသုံးစွဲမှုကို လျှော့ချနိုင်ပြီး ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်း အသီးသီးတွင် ဘက်ထရီစက်ခေါင်းများအသုံးပြု၍ ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လောင်စာဆီအခက်အခဲအားတစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်းရှိ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လာနိုင်မည် ဖြစ်၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transportation) အတွက် များစွာအထောက်အကူ ဖြစ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဝန်ထမ်းကောင်းများ၏ နိုင်ငံတော်

**"နိုင်ငံတော်"ဟူသည့် စက်ယန္တရားကြီး သွက်လက်ထက်မြက်စွာ လှုပ်ရှားလည်ပတ်စေရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပါသည်။ နိုင်ငံတော်နှင့် ပြည်သူများ စည်ပင်သာယာဖွံ့ဖြိုးရန်၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းရေးဆွဲထားသော စီမံကိန်း၊ လုပ်ငန်းစဉ်များကို အောင်မြင်ပြီးမြောက်စေရန် နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ရရှိစေရန် နိုင်ငံ့ဝန်ထမ်းများတွင် ပိုမိုတာဝန်ရှိပါသည်။**

မောင်သံငြိမ်း

၂၀၀၀ ပြည့်နှစ် နှစ်ဆန်းပိုင်းက ပေါ်ပေါက်ခဲ့သော **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"**ဟူသော ဆောင်ပုဒ်မှာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က လက်ခံထားသည့်ဆောင်ပုဒ် ဖြစ်ပါသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်တစ်ဦးက တာဝန်အရ ထိတွေ့ဆောင်ရွက်နေရာမှ စဉ်းစားတွေးခေါ်၊ ပေါ်ပေါက်လာသော "ဆောင်ပုဒ်" ဖြစ်ပြီး ယခုတိုင် လက်ခံကျင့်သုံးလျက်ရှိသည်ကို တွေ့ရပါသည်။

နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရာဌာန၊ ဝန်ထမ်းတက္ကသိုလ်နှင့် ဆက်စပ်နေသဖြင့် အချို့က ဖော်ပြပါ ဆောင်ပုဒ်နောက်တွင် **"သင်တန်းကောင်းမှ ဝန်ထမ်းကောင်းမည်"**ဟု ဆောင်ပုဒ် အသစ်ဆက်ကြပါသေးသည်။

နေပြည်တော် ရုံးအမှတ်(၁၇)အဝင် အလှပန်းပင်တန်းများတွင် **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဆောင်ပုဒ်အား ပန်းအလှ ဖော်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ စိတ်အစဉ်တွင် စွဲမြဲစွာ ခံယူထားရမည့် သဘောထားခံယူချက်ဖြစ်သည်ဟု ဖော်ညွှန်းလိုပါသည်။

ယခု နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခေါ်ဆိုသည့် ဝန်ထမ်းတက္ကသိုလ်ကြီးကို စတင်ဖွဲ့စည်းစဉ်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ လက်အောက်ခံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ဟု ခေါ်တွင်ခဲ့ပါသည်။ မန္တလေး-ပြင်ဦးလွင် သွားမီးရထားဘူတာ တည်ရှိရာ ဇီးပင်ကြီးရွာကြီးအနီးတွင် တည်ရှိ၍ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဇီးပင်ကြီး) ဟူ၍လည်း အလွယ်ခေါ်သူများလည်း ရှိသည်။ မော်တော်ကားလမ်းမှာ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ သွားရာလမ်း မိုင်တိုင်အမှတ် ၂၃ မိုင်နှင့် ၂၄ မိုင်ကြားခန့်တွင် ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အား **"ပြည်ထောင်စုရာထူးဝန်အဖွဲ့"** ဟု ပြင်ဆင်သတ်မှတ် ပြဋ္ဌာန်းခဲ့ပါသည်။ ဝန်ထမ်းတက္ကသိုလ်များ၏ အမည်များကိုလည်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည် လှည်းကူးအနီး(ဖောင်ကြီး)ရှိ တက္ကသိုလ်ကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဟု လည်းကောင်း၊ ယခင်အထက်မြန်မာပြည် ဇီးပင်ကြီးရှိ တက္ကသိုလ်ကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဟု လည်းကောင်း ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

ဝန်ထမ်းတက္ကသိုလ်များအကြောင်းကို ရှင်းလင်းရေးသားနေရခြင်းမှာ ကျွန်တော်ကိုယ်တိုင် ၁၂ နှစ်ကြာ တာဝန်ယူ၊ အမှုထမ်းခဲ့သည့် အဖွဲ့အစည်းဖြစ်၍ မှတ်သားမိသမျှ ရေးသားမှတ်တမ်းပြုလိုခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၆၂ ခုနှစ်မှစ၍ တပ်မတော်(ရေ)တွင် စစ်ရေယာဉ်မှူး (ဗိုလ်မှူးအဆင့်)ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်မှစ၍ နိုင်ငံခြားရေးရာဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် လွှဲပြောင်းတာဝန် ထမ်းဆောင်ခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေရာ ၁၉၈၁ ခုနှစ်မှစ၍ သုံးနိုင်ငံတွင် သံရုံးဒုတိယအကြီးအကဲ၊ နောက်သုံးနိုင်ငံတွင် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်က တောင်အာဖရိကသမ္မတနိုင်ငံတွင် ပထမဆုံး မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျွန်တော့်အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခံခဲ့ရပါသည်။ ကျွန်တော်နှင့်အတူ ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်ဆွေ၊ စစ်ဥပဒေချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်နှင့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကောင်းညွန့် စုစုပေါင်း အဖွဲ့ဝင်လေးဦး ပါရှိပါသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ကြီး (သံအမတ်ကြီး-ငြိမ်း) ဖြစ်ပါသည်။ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်များအား အဖွဲ့၏ တာဝန်ဝတ္တရားများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ဒုတိယဝန်ကြီးများအဖြစ် တစ်ပါတည်း သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါသည်။

နိုင်ငံတိုင်းလိုလိုတွင် နိုင်ငံ့ဝန်ထမ်းများရွေးချယ်ရန်၊ လေ့ကျင့်ပေးရန် ဌာန၊ အဖွဲ့အစည်းများ ရှိကြပါသည်။ အခေါ်အဝေါ်၊ အမည်ကွဲလွဲကောင်း ကွဲလွဲပါမည်။ ရွေးချယ်ရေးက သီးခြားအဖွဲ့အစည်း၊ လေ့ကျင့်ရေးက တစ်ဌာန၊ ကွဲပြားတည်ရှိသည့်နိုင်ငံများရှိရာ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့ ကနဦးက တည်ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

အဖွဲ့အစည်း၏ ဖြစ်စဉ်သမိုင်းနှင့်ပတ်သက်၍ အဆင့်ဆင့်ပြောင်းလာပုံကို ၂၀၀၈ ခုနှစ်က ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က ထုတ်ဝေသည့် မြန်မာနိုင်ငံဝန်ထမ်းများ ရွေးချယ်ပုံသမိုင်း (မြန်မာမင်းများလက်ထက်မှ ၁၉၈၄ ခုနှစ်ထိ) စာအုပ်တွင် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တာဝန်ခံအဖွဲ့၊ လုပ်ငန်းဌာနစုများရှိခဲ့ပြီး လွှတ်တော်တွင် ဖွဲ့စည်းထားသော "ဆယ်ဌာန"ဟု ခေါ်တွင်သည့် လုပ်ငန်းစုများရှိရာ ရာထူးခန့်ခြင်း၊ နုတ်ပယ်ခြင်း၊ တိုးတက်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ရန်ဖြစ်ကြောင်းမှ အစပြု၍ ကိုလိုနီလက်အောက်ခံ၊ အိန္ဒိယ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိခဲ့သည့်အချိန်၊ လွတ်လပ်ရေးရခါနီး မြန်မာနိုင်ငံသားများ သီးသန့်ပါဝင်သည့် "ရာထူးဝန်အဖွဲ့" ပေါ်ပေါက်လာချိန်အထိ လည်းကောင်း၊ ထို့နောက် ဆိုရှယ်လစ်ဖွဲ့စည်းပုံနှင့် နိုင်ငံတော်ကောင်စီခေတ်အထိ အဆင့်ဆင့်ပြောင်းလဲလာပုံကို လည်းကောင်း ဖြည့်စွက်ဖော်ပြထားပါသည်။ (ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ် ဧပြီလထုတ် နိုင်ငံ့ဝန်ထမ်းဂျာနယ်တွင် အပြည့်အစုံပါရှိပါသည်။)

၁၉၃၅ ခုနှစ်တွင် အိန္ဒိယမှ ခွဲထွက်ခွင့်ရပြီး ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ရာထူးဝန်အဖွဲ့ကို သတ်သတ်မှတ်မှတ် ဖွဲ့စည်းပေးခဲ့သည်အထိ နိုင်ငံခြားသား နှစ်ဦး၊ မြန်မာနိုင်ငံသား သုံးဦး ပါဝင်ခဲ့ပါသည်။ ထို ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နှစ်ပတ်လည်နေ့အဖြစ် ယနေ့တိုင် သတ်မှတ်ကျင်းပလျက်ရှိပါသည်။ လွတ်လပ်ရေး မရမီလပိုင်းအလို ၁-၁၁-၁၉၄၇ ရက်နေ့တွင် ဥက္ကဋ္ဌ ဦးလွန်းဘော်နှင့် မြန်မာနိုင်ငံသား ၃ ဦး ပါဝင်သော ရာထူးဝန်အဖွဲ့ အသစ်တစ်ခုဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးရပြီးချိန်အထိ တာဝန်ယူခဲ့ပါသည်။ ၁၉၄၇ ခုနှစ်မှစ၍ ရာထူးဝန်အဖွဲ့တွင် နိုင်ငံခြားသားများ မပါရှိတော့ပါ။




တက္ကသိုလ် စတင်ဖွင့်လှစ်ခြင်းမှတ်တမ်း။




> "လွတ်လပ်ရေးရရှိပြီး ၁၇ နှစ်ကြာမှ ဝန်ထမ်းများအတွက် ဝန်ထမ်းတက္ကသိုလ်တစ်ခု ပေါ်ပေါက်လာခဲ့သော်လည်း နိုင်ငံတော်အစိုးရနှင့် အုပ်ချုပ်သည့်အဖွဲ့အစည်းများက စိတ်ပါဝင်စားစွာ ဥပဒေများပြဋ္ဌာန်း၍ အလေးထားဆောင်ရွက်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတိုင်းကို သိသင့်သည့်၊ တတ်ကျွမ်းသင့်သည့် ပညာများသင်ကြားခွင့်ရလျက်ရှိပါသည်။ တစ်ချိန်တည်းတွင် ရာထူးတိုးမြှင့်ခံရခြင်း အပါအဝင် နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ခံစားခွင့်ကို ဥပဒေနှင့်အညီ အလျင်အမြန် ခံစားခွင့်ရရှိနေပြီဖြစ်"

လွတ်လပ်ရေးမရမီကပင် တည်ရှိခဲ့သော ရာထူးဝန်အဖွဲ့မှာ ယနေ့ တည်ရှိနေသော **"ပြည်ထောင်စုရာထူးဝန်အဖွဲ့"**၏ မိခင်အဖွဲ့အစည်းကြီးဖြစ်ပါသည်။ ထိုအချိန်မှ ယနေ့မူလအမည် ပြန်လည်ရရှိချိန်ကာလအတွင်း အမည်နာမပြောင်းလဲမှုများ ရှိခဲ့ပါသည်။ ထိုပြောင်းလဲမှုများမှာ ရွေးချယ်ရေးသက်သက်ကိုသာ ဆောင်ရွက်ရသည့်အချိန်၊ လေ့ကျင့်ရေးပါ ပူးတွဲဆောင်ရွက်ရသည့်အချိန်အထိ ကြီးကြပ်သည့်အဖွဲ့အစည်း၊ ဝန်ကြီးဌာန ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။

အဖွဲ့၏ ဥပဒေကို (၃/၄) ကြိမ် ပြောင်းလဲခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေနှင့်အညီ ဗဟိုပြည်သူ့ ဝန်ထမ်းကျောင်းက **"ဗဟိုဝန်ထမ်းတက္ကသိုလ်"**အဖြစ် အဆင့်မြှင့်ပေး၍ အဖွဲ့ကိုလည်း ၁၉၇၇ ခုနှစ် မေလ ၅ ရက်နေ့တွင် နိုင်ငံတော်ကောင်စီကွပ်ကဲမှုအောက်သို့ ရောက်ရှိခဲ့ပါသည်။ ဤဖြစ်စဉ် မူလအစမှာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ပေါ်ပေါက်ချိန်မှ ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီအစိုးရက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဝန်ထမ်းရွေးချယ်ရန်အဖွဲ့နှင့် ၎င်း၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းတက္ကသိုလ်များ ပေါ်ပေါက်လေ့ကျင့်စေခြင်းဖြစ်ပါသည်။

နိုင်ငံတော်ထူထောင်ရေးအတွက် ဝန်ထမ်းကောင်းများဖြစ်ရေးမှာ အဓိကကျသဖြင့် ဝန်ထမ်းအရည်အသွေးမြင့်မားစေရန် ခေတ်နှင့်လျော်ညီသော ဝန်ထမ်းသင်တန်းကျောင်းကြီး ပေါ်ထွန်းရေးကို စတင်ကြိုးပမ်းခဲ့သည်မှာ ၁၉၆၄ ခုနှစ်က ဖြစ်ပါသည်။ သင်တန်းကျောင်းကြီးတစ်ခု ဖွင့်လှစ်ရန် ၁၉၆၄ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထဲရေးဝန်ကြီးဌာန၌ အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ခြောက်လကြာ သင်တန်းပေးရန် ဆွေးနွေးခဲ့သော်လည်း နောက်ပိုင်း ပြောင်းလဲလျှော့ချခဲ့ပါသည်။ သင်တန်းဆရာများအဖြစ် တာဝန်ပေးရန် ပြည်လမ်းရဲအတတ်သင်ကျောင်း၌ ဝန်ထမ်းများကို နှစ်လကြာ သင်တန်းပေးခဲ့ပါသည်။ လှည်းကူးမြို့မှ ၁၇ မိုင်အကွာ ဖောင်ကြီးကျေးရွာအနီးတွင် နေရာရွေးချယ်ပြီး သင်တန်းတပ်ခွဲ၊ အဆောင် စသည်တို့ ဆောက်လုပ်ခဲ့ရာ ၁၉၆၄ ခုနှစ်အတွင်းမှာပင် ပြီးစီးခဲ့ပါသည်။

*စာမျက်နှာ ၁၁ သို့*

# ထူထောင်အမြဲ ယူဆောင်နွဲလော့

❖ သမိုင်းဂုဏ်ရောင်၊ စဉ်ဆက်ပြောင်၍
နောင်ရှည်မျိုးဆက်၊ တန်ဖိုးတက်အောင်
သက်နှင့်ထပ်တူ၊ စောင့်ရှောက်မှုဖြင့်
ထူဝီရိယ၊ ဖွဲ့မာန်ပြကာ
တောက်ပရွှန်းသစ်၊ "ရှစ်ဆယ့်တစ်"လေ။

❖ တိုင်းပြည့်ဝန်တာ၊ ကြမ်းနရာကို
ခါရာသီဆက်၊ ပခုံးထက်ဝယ်
မက်မက်မောမော၊ သာစေသောဟု
ဇောစေတနာ၊ ဉာဏ်ယှဉ်ကာတည့်
မေတ္တာရှေ့ထား၊ ခရီးကားလျှင်
ရှည်လျားတည်ဖြစ်၊ "ရှစ်ဆယ့်တစ်"လေ။

❖ ဒီမိုကရေစီ၊ လင်းရောင်ခြည်ဝယ်
ဖြစ်တည်နုနု၊ မုန်တိုင်းစုသော်
အန်တုရင်ဆိုင်၊ ဖွဲ့ခိုင်ခိုင်ဖြင့်
အနိုင်ဖြိုခွင်း၊ ရန်စုံရှင်း၍
သွေးချင်းနှောင်ညီ၊ စည်းလုံးတည်အောင်
စွမ်းဆောင်ညွှန်းစေ"တပ်မတော်"ပေ။

❖ ရှစ်ဆယ့်တစ်ဟု...
ရွှန်းသစ်ဆင့်လောင်း၊ အခါကောင်းဝယ်
သောင်းသိန်းသန်းဟူ၊ တို့ပြည်သူသည်
တူညီစိတ်ဓာတ်၊ ရင်ဝယ်ကပ်၍
တပ်နှင့်ပြည်သူ၊ လက်တွဲမှုကို
ထူထောင်အမြဲ၊ ယူဆောင်နွဲလော့
အောင်ပွဲအောင်ပန်း ရှေ့သို့ဆီ...။
ငြိမ်းချမ်းဖြိုးစည် တို့တိုင်းပြည်...။ ။

**(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုလျက်**

**ညိုဝင်း(ချစ်မြေ)**

*စာမျက်နှာ ၁၀ မှ*

ကျောင်းအုပ်ကြီးအဖြစ် ဒုတိယဗိုလ်မှူးကြီး ခင်အုန်းကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် တာဝန်ပေးခဲ့ပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ပြည်သူ့ရေးရာအရာရှိငယ်လောင်းကျောင်းသား ၈၇ ဦးနှင့် ပြည်သူ့ရဲအရာရှိငယ်လောင်းကျောင်းသား ၁၈၅ ဦး တက်ရောက်ခဲ့ကြပါသည်။

ကျောင်းဆောင်ဖွင့်လှစ်စဉ်က စစ်ကြောင်းကြီးငါးကြောင်းကို အခြေခံလျက် စစ်ပညာ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးနှင့် လူမှုရေးဘာသာရပ်များ သင်ကြားပေးရန် စီစဉ်ခဲ့ပါသည်။ အဆင့်ဆင့်သုံးသပ်ချက်အရ ယခုသင်ကြားနေသည့် ဘာသာရပ်ခွဲဝေမှု အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- စီမံခန့်ခွဲရေးပညာရပ်
- စစ်ပညာဘာသာရပ်
- နိုင်ငံရေးသိပ္ပံပညာဘာသာရပ်
- စီးပွားရေးပညာဘာသာရပ်
- လူမှုရေးပညာဘာသာရပ်
- ဥပဒေပညာဘာသာရပ်
- အရန်ချိန်

လွတ်လပ်ရေးရရှိပြီး ၁၇ နှစ်ကြာမှ ဝန်ထမ်းများအတွက် ဝန်ထမ်းတက္ကသိုလ် တစ်ခု ပေါ်ပေါက်လာခဲ့သော်လည်း နိုင်ငံတော်အစိုးရနှင့် အုပ်ချုပ်သည့် အဖွဲ့အစည်းများက စိတ်ပါဝင်စားစွာ ဥပဒေများပြဋ္ဌာန်း၍ အလေးထားဆောင်ရွက်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတိုင်းကို သိသင့်သည့်၊ တတ်ကျွမ်းသင့်သည့် ပညာများ သင်ကြားခွင့်ရလျက်ရှိပါသည်။ တစ်ချိန်တည်းတွင် ရာထူးတိုးမြှင့်ခံရခြင်းအပါအဝင် နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ခံစားခွင့်ကို ဥပဒေနှင့်အညီ အလျှင်အမြန်ခံစားခွင့် ရရှိနေပြီဖြစ်ပါသည်။

တစ်နိုင်ငံလုံးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် တစ်ခုတည်းက လေ့ကျင့်သင်ကြားနေခြင်းမှာ လုံလောက်မှုမရှိကြောင်း သုံးသပ်မိသဖြင့် လည်းကောင်း၊ အထက်မြန်မာပြည်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် မန္တလေးမြို့ကို ဗဟိုပြုပြီး ရန်ကုန်နှင့် တန်းတူကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အခြေခံများ တစ်ပြေးညီဖြစ်ထွန်းလာအောင် စီမံဆောင်ရွက်ပေးရန် ရည်မှန်း၍လည်းကောင်း ဝန်ထမ်းများအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်တစ်ခု ထူထောင်ဖွင့်လှစ်ရန် စတင်စီစဉ်ခဲ့ပါသည်။ ထိုအချိန်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို ဥက္ကဋ္ဌ ဦးမောင်မောင်ကြီးနှင့် အဖွဲ့ဝင်အသစ် လေးဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အသစ်ဖွဲ့စည်းသည့် အဖွဲ့ဝင်များအား တာဝန်ခွဲဝေရာ ဦးညွှန့်ဆွေအား ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)နှင့် နိုင်ငံခြားဆက်ဆံရေး၊ ကျွန်တော့်အား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် ရာထူးတိုးမြှင့်ရေးကိစ္စများ၊ ဦးအောင်မြင့်နှင့် ဆရာကြီး ဦးကောင်းညွှန့်တို့အား ထိုအချိန်က အဖွဲ့၏ ကွပ်ကဲမှုအောက်တွင် ရှိနေသည့် စစ်ကိုင်းတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို နှစ်ဦးတွဲ တာဝန်ပေးပြီး ဦးအောင်မြင့်က ICT နှင့် ဦးကောင်းညွှန့်က ဝန်ထမ်းသစ်ခေါ်ယူစုဆောင်း၊ စစ်ဆေး၊ ရွေးချယ်ရေးတာဝန်ကို ယူရပါသည်။

ကျွန်တော်သည် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့တွင် ရန်ကုန်မြို့သို့ပြန်ရောက်၍ ဝန်ထမ်းရွေးချယ်ရေး လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌထံ သတင်းပို့ရာ "ခင်ဗျားကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တာဝန်ခံအရာရှိအဖြစ် ရွေးထားတယ်။ ပါမောက္ခချုပ် ဗိုလ်မှူးကြီးတစ်ဦးလည်း ရှိတယ်။ ခင်ဗျားကွပ်ကဲကြီးကြပ်ပြီး တက္ကသိုလ်အမြန်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပါ"ဟု ပြောပါသည်။ တစ်ဆက်တည်းမှာပင် "တက္ကသိုလ်တည်ဆောက်မယ့် နေရာကို ကျွန်တော်သွားမယ်၊ ခင်ဗျား တစ်ခါတည်း လိုက်ခဲ့ပါ " ဟု ပြောကြားသဖြင့် ဇီးပင်ကြီးနေရာသို့ ပထမဆုံးရောက်ခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ကြီးကြပ်ရပါသည်။ ဖောင်ကြီးမှ ခွဲပေးသော နည်းပြများနှင့် တွေ့ဆုံပြီး ပထမဆုံး သင်တန်းဖွင့်လှစ်ရေး ဆွေးနွေးတိုင်ပင်ရပါသည်။ အဓိကရေရရှိရေးမှာ အနီးရှိရေထွက်များမှ သွယ်တန်းယူ၍ မလောက်ငှ၊ စိတ်မချရပါ။ နောက်ပိုင်း အနီးစခန်းအနီးရှိ စည်သာဆည်မှ ရေသွယ်ရ၍ အဆင်ပြေသွားပါသည်။ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ကို ဖွင့်လှစ်ပေးခဲ့ပါသည်။

အစိုးရအဆက်ဆက်နိုင်ငံတော်အကြီးအကဲများ ရောက်ရှိလာပြီး လိုအပ်သည့် လမ်းညွှန်မှုများ ပေးခဲ့သည်မှာ နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ပေးနေသည့် ဝန်ထမ်းတက္ကသိုလ်များအပေါ် နိုင်ငံတော်၏ စိတ်ဝင်စား အလေးထားမှုများ ပေါ်လွင်ထင်ရှားပါသည်။

နိုင်ငံ့ဝန်ထမ်းဂျာနယ်ထုတ်ဝေရန် ပြင်ဆင်ချိန်မှာ အဖွဲ့၏ တံဆိပ်မရှိသေးသဖြင့် ယခုသုံးနေသည့် Logoဖြစ်သော ရွှေချထားသော ယွန်းကလပ်ပေါ်တွင် ခန့်အပ်လှစွာ ကျည်တောက်တင်ထားသည့် စက်ဝိုင်းပုံမှာ ကျွန်တော်ဖန်တီးပြီး လူကြီးများ သဘောတူ၍ သုံးစွဲနေသည့် Logo ဖြစ်ကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့ကို အမှတ်တရ ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်

**ကွမ်းခြံကုန်း မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်နည်း သရုပ်ပြ လေ့ကျင့်ခြင်းကို မတ် ၂၃ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကွမ်းခြံကုန်းမြို့နယ်ရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များ၊ လျှပ်စစ်မီး သုံးစွဲရာတွင် မီးဘေးအန္တရာယ်မဖြစ်အောင် စနစ်တကျကိုင်တွယ်အသုံးပြုနည်းများ၊ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်နည်းစနစ်များ၊ မီးလောင်မှုဖြစ်ပါက မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့သွားရန်စသည့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းက ဆွေးနွေးပြောကြားကာ သရုပ်ပြလေ့ကျင့်ခြင်းများ လက်တွေ့ပြုလုပ်ပြီး ဝန်ထမ်းများအား လက်တွေ့ မီးငြှိမ်းနည်းများကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဆွေနွယ် (ပြန်/ဆက်)**



## မချမ်းဘောမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မချမ်းဘော မတ် ၂၅**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်၌ မီးလောင်မှုများ ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်နည်းများ အများပြည်သူ သိရှိစေရန်အတွက် မီးဘေးအန္တရာယ် ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့က မချမ်းဘောမြို့ပေါ်ရပ်ကွက်များတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် လှည့်လည်အသိပေး နှိုးဆော်ခဲ့သည်။



**အသိပညာပေး နှိုးဆော်**

အဆိုပါ လှည့်လည်အသိပေးရာတွင် ပေါ့ဆမီးလောင်ခြင်းများ မဖြစ်ပွားစေရန် ထင်းမီးဖိုများ၊ မီးသွေးဖိုများ အသုံးပြုပြီးတိုင်း စနစ်တကျ ငြှိမ်းသတ်ကြရန်၊ လျှပ်စစ်မီး အသုံးပြုရာတွင်လည်း ချက်ပြုတ်အသုံးပြုပြီးတိုင်း မီးပလပ်များ ဖြုတ်ထားကြရန်နှင့် လျှပ်စစ်ဝိုင်ယာကြိုးများ ပေါက်ပြဲခြင်းနှင့် ဆွေးမြည့်ကြိုးများ ရှိ မရှိ သက်ဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်သူများဖြင့် စနစ်တကျ စစ်ဆေးထားကြရန်နှင့် အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ၊ သဲ၊ ရေ၊ မီးချိတ်၊ မီးကပ်များ ထားရှိရန်လိုအပ်ကြောင်းတို့ကို အသိပညာပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**

# ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထား နေ့စဉ် အစုန်/အဆန် (၃)စင်း ပုံမှန်ပြေးဆွဲပေးသွားမည်

နေပြည်တော် မတ် ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား ပုံမှန် DEMU ရထား(၂)စင်းပြေးဆွဲလျက်ရှိပြီး ထပ်မံ၍ ရန်ကုန်-နေပြည်တော်အသွားအပြန် ခရီးစဉ်များအား အမှတ် (၃၃) အဆန်၊ (၃၄)အစုန် ရထားများအဖြစ် အောက်ပါအတိုင်းတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | အမှတ်(၃၃)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၃၀ |
| ၃ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၁:၃၀ |
| ၅ | အမှတ်(၃၄)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၃၀ |
| ၆ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

ထပ်မံတိုးချဲ့ပြေးဆွဲမည့် အမှတ်(၃၃)အဆန်နှင့် (၃၄)အစုန် ရထားလက်မှတ်များအား သက်ဆိုင်ရာ ဘူတာများတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး Online Railways Ticketing and Payment (ORTP)စနစ်ဖြင့် ဝယ်ယူနိုင်ရေးဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အမှတ်(၃၃)အဆန် ရန်ကုန်-နေပြည်တော် DEMU လူစီးအမြန်ရထားသည် မတ်လ ၂၆ ရက်နေ့မှ စတင်ပြေးဆွဲပေးပြီး မတ်လ ၂၇ ရက်နေ့မှစ၍ ရထားအားလုံး အထက်ပါရထားအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။ **မြန်မာ့မီးရထား**

## ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် မတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့၌ မတ် ၂၄ ရက်က ဘိန်းစိုက်ခင်းငါးဧကနေ့ကို ဖျက်ဆီးရှင်းလင်းခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဖက်ရမ်းလေးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း သုံးဧကနေ့အား လည်းကောင်း။(**အပေါ်ယာပုံ**)

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ၁၀ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ကော်သော့ရွာ ကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း နှစ်ဧကနေ့အား လည်းကောင်း အသီးသီးဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



## ဒိုက်ဦးမြို့နယ်နှင့် သဲကုန်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နှင့် သဲကုန်းမြို့နယ်တို့၌ မတ် ၂၄ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် နံနက် ၃ နာရီ မိနစ် ၅၀ တွင် ဒိုက်ဦးမြို့နယ် ဒိုက်ဦး-ညောင်ခါးရှည်ကားလမ်း သံလမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဒိုက်ဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရွှေပြည်သာမြို့ အမှတ်(၂၄)ရပ်ကွက်နေ ဦးမျိုးမင်းလတ် (၄၈)နှစ် မောင်းနှင်ပြီး အမှတ်(၁၄)ရပ်ကွက်နေ ဦးဇော်သက်မောင်(၄၀)နှစ် လိုက်ပါလာသည့် YGN-22 9E-xxxx TOYOTA Alphard မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မျိုးမင်းလတ်နှင့် ဇော်သက်မောင်တို့အား ဒိုက်ဦးမြို့မရဲစခန်း (ပ)၂၇/၂၀၂၆၊ ပိုကုန်သွင်းကုန်ဥပဒေပုဒ်မ ၈/၁၀ ဖြင့်လည်းကောင်း။



ဒိုက်ဦးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် သဲကုန်းမြို့နယ် ပုတီးကုန်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် သုခဝေဖြိုးရပ်ကွက်အရောက်၌ အဆိုပါရပ်ကွက်နေ ကိုကောင်းထက်မြတ်(၂၆)နှစ် မောင်းနှင်လာသည့် YGN-17 4L-xxxx Honda Fit မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကောင်းထက်မြတ်အား ပုတီးကုန်းနယ်မြေ ရဲစခန်း (ပ) ၁၂/၂၀၂၆၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

○ *ကျောဖုံးမှ*

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ခရိုင် / မြို့နယ်အသီးသီးတို့တွင်လည်း လမ်းလျှောက်သကြီ်န်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ပြည်သူများအတူ ပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွ ဆင်နွှဲကြမည့် အနှစ်သာရရှိသည့် ပွဲတော်ကြီးတစ်ခုဖြစ်သည်။

လမ်းလျှောက်သကြီ်န်ပွဲတော်တွင် ပြည်သူအားလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် မြို့ကြီးအသီးသီးအပြင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ လမ်းလျှောက်သကြီ်န်မဏ္ဍပ်များ ပြုလုပ်ပြီး နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒေသခံအဆိုတော်များဖြင့် ဖျော်ဖြေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဘလက်စတီးနီးယပ်စ်၊ ကယ်လီနှင့် ရှဆိုတို့က သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းအတွက် ချေပဂိုးကို ဂျိမ်းစ်က သွင်းယူပေးခဲ့သည်။ ချယ်ဆီးနှင့် အာဆင်နယ်အသင်းတို့၏ အမျိုးသမီးချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လာမည့် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် စတမ်းဖို့ဒ် ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

အမျိုးသမီးချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့မှ မတ် ၂၅ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဝုဖ်ဘတ်နှင့် အသင်းကြီး လိုင်ယွန်အသင်းပွဲစဉ်တွင် ဝုဖ်ဘတ်အသင်းက ပွဲချိန် ၁၄ မိနစ်တွင် ရရှိခဲ့သော ဘီရန်စတိုင်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွှင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်ခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးထားရန်၊


(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နန်းလုံကျေးရွာနှင့် ကျည်စုကျေးရွာကြား၌ ငွေကျပ် ၃ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ





**နေပြည်တော် မတ် ၂၅**
နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အလုံးစုံပပျောက်ကင်းရှင်းစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးနှိမ်နင်းတိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသောစွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် လုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် နံနက် ၂ နာရီခွဲခန့်တွင် တပ်ကုန်း-ကျောက်ဆည် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ နန်းလုံကျေးရွာနှင့် ကျည်စုကျေးရွာကြား၌ ပင်လောင်းမြို့နယ်ဘက်မှ ဆာလာအိတ်များ တင်ဆောင်လာသည့် Shayan အမျိုးအစား ဆိုင်ကယ် နှစ်စီးနှင့် Kenbo အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ရန် တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ခွန်လိမ္မာ (၄၀ နှစ်) (ဘ) ဦးထွန်းလှိုင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် လူဖဲခြိမ်း ကျေးရွာနေသူအား ဆိုင်ကယ် သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဆိုင်ကယ်များပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ်များကို ရှာဖွေစစ်ဆေးခဲ့ရာ ဆာလာအိတ်ခြောက်အိတ်အတွင်းမှ ငွေကျပ် ၃ ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ စိုင်းလိန်ခမ်း၊ စိုင်းဆိုင်ဝမ်းနှင့် စိုင်းခမ်းရွက် (ခ) စိုင်းရွက်တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

## ကွန်ဟိန်းမြို့နယ်၌ ငွေကျပ် သိန်း ၈၄၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် နံနက် ၇ နာရီခွဲက ကွန်ဟိန်းမြို့နယ် ကွန်ဟိန်း-ခိုလမ်သွားလမ်း ဆိုင်းမွန်လမ်းခွဲအနီးတွင် မိုင်းပျဉ်းမြို့နယ် ဝမ်မွတ်ကျေးရွာနေ စိုင်းလိန်ခမ်း (၂၃)နှစ် မောင်းနှင်ပြီး ကာလိမြို့ အမှတ်(၁)ရပ်ကွက်နေ စိုင်းဆိုင်ဝမ်း (၂၆)နှစ်တို့ စီးနင်းလိုက်ပါလာသော SHN-8 6H-xxxx TOYOTA PROBOX မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၂၀၀၊ အလေးချိန် ၇၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၂၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၄၀၀)အား ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲတွင် အဆိုပါ ဘိန်းဖြူ ဘလောက်တုံးများကို သယ်ဆောင်ခိုင်းသူ ကာလိမြို့နယ် အမှတ်(၅)ရပ်ကွက်နေ စိုင်းခမ်းရွက် (ခ)စိုင်းရွက်(၃၁)နှစ်အား ၎င်း၏နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ရေးမြို့နယ်၌ ငွေကျပ် သိန်း ၅၇၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**
မတ် ၂၁ ရက် ညနေ ၃ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရေးမြို့နယ် ချောင်းတောင်ကျေးရွာအနီး၌ ရေဖြူမြို့နယ် နတ်ကြီးစင်ကျေးရွာနေ ဒေဝါစိုး(ခ)ကလိုင်း(၃၄)နှစ် မောင်းနှင်လာသည့် YGN 2M-xxxx TOYOTA HILUX VIGO မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၉ သိန်း (တစ်ပြားလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၇၀၀)ကို ဖမ်းဆီးရမိသဖြင့် ဒေဝါစိုး(ခ)ကလိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသတင်းရရှိသည်။ **ရဲပြန်ကြား**



တရားခံ ဒေဝါစိုး(ခ)ကလိုင်းအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ပေါင်းတည်မြို့၌ မော်တော်ယာဉ်အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသမီးသေဆုံး

**နေပြည်တော် မတ် ၂၅**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မတ် ၂၄ ရက်က မော်တော်ယာဉ်အရှိန်မထိန်းနိုင်ဘဲဆိုင်ကယ်အား ဝင်ရောက်တိုက်မိ၍ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ပေါင်းတည်မြို့ အမှတ်(၁)ရပ်ကွက် (၁၉) လမ်းထိပ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါင်းတည်မြို့နယ် မင်းကွက်(၂) ရပ်ကွက်နေ ဇင်မင်းဖြိုး(၂၂)နှစ် မောင်းနှင်လာသည့် BGO-11 3J-xxxx Lifan ခြောက်ဘီးယာဉ်သည် တာပွန်လမ်းအတိုင်း သဖန်းကုန်းကျေးရွာဘက်မှ ပေါင်းတည်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာနေ ဒေါ်မာမာလွင်(၄၇)နှစ် မောင်းနှင်လာသော ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်မာမာလွင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဇင်မင်းဖြိုးအား ပေါင်းတည်မြို့မရဲစခန်း ယာဉ် (ပ)၃/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အရှေ့အလယ်ပိုင်းပဋိပက္ခတွင် ပါဝင်ပတ်သက်ခြင်းမရှိသော သင်္ဘောများ ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းသွားလာနိုင်ဟုဆို

**တီဟီရန် မတ် ၂၅**

အရှေ့အလယ်ပိုင်း ပဋိပက္ခများတွင် ပါဝင်ပတ်သက်ခြင်း မရှိသည့် နိုင်ငံတကာသင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းသွားလာခွင့် ပြုထားကြောင်းအီရန်ကပြောကြားသည်။

အီရန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးက အဆိုပါ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မတ် ၂၅ ရက်တွင် လူမှုကွန်ရက်မှတစ်ဆင့် အသိပေးကြေညာခဲ့သည်။ အီရန်နိုင်ငံအပေါ် ရန်လိုသောလုပ်ရပ်များတွင် ပါဝင်ပတ်သက်မှု မရှိခြင်းနှင့် ရန်လိုသော လုပ်ရပ်များတွင် အားပေးကူညီခြင်း မရှိသော နိုင်ငံတကာသင်္ဘောများသည် ထုတ်ပြန်ထားသော ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝလိုက်နာမည်ဆိုပါက အီရန်အာဏာပိုင်များ၏ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများနှင့်အတူ ရေလက်ကြားမှတစ်ဆင့် ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံသည် ပင်လယ်ရေကြောင်း ဘေးကင်းလုံခြုံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရေကြောင်း အဖွဲ့အစည်း၏ အဖွဲ့ဝင် နိုင်ငံများကိုလည်း အလားတူ အကြောင်းကြားစာတစ်စောင်ပေးပို့ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




# အရှေ့အလယ်ပိုင်းပဋိပက္ခများဖြစ်ပွားနေချိန် နိုင်ငံ့စီးပွားရေးကြံ့ကြံ့ခံနိုင်ရေးအတွက် မလေးရှားအစိုးရ ဆောင်ရွက်မည်

**ကွာလာလမ်ပူ မတ် ၂၅**

အရှေ့အလယ်ပိုင်း၌ ပဋိပက္ခများဖြစ်ပွားနေချိန် နိုင်ငံ့စီးပွားရေးကြံ့ကြံ့ခံနိုင်စေရေးအတွက် အစိုးရအနေဖြင့် အပြုသဘောဆောင်သော ပါဝင်ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က မတ် ၂၅ ရက်တွင် ပြောကြားသည်။



အန္တရာယ်များသော လမ်းကြောင်းများအပေါ် မှီခိုအားထားမှု လျှော့ချနိုင်ရန် အစားထိုးလမ်းကြောင်းများ ရှာဖွေခြင်းနှင့် အရင်းအမြစ်မျိုးစုံမှ ရယူခြင်း အပါအဝင် စွမ်းအင်ထောက်ပံ့မှု ကာမိစေရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ကအစိုးရ စီးပွားရေးအကြံပေး ကောင်စီဖြစ်သည့် အမျိုးသားစီးပွားရေး အကောင်အထည်ဖော် ဆောင်ရွက်ရေးကောင်စီ အစည်းအဝေးအပြီးတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးလည်းဖြစ်သည့် ဝန်ကြီးချုပ်က အစိုးရသည် ပထဝီဝင်နိုင်ငံရေး တိုးတက်မှုများ၊ ကမ္ဘာ့စီးပွားရေး ဖိအားများနှင့် ပဋိပက္ခများမှ ဖြစ်ပေါ်လာသော လုံခြုံရေးဆိုင်ရာ သက်ရောက်မှုများကို အနီးကပ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ တည်ငြိမ်ပြီး ခံနိုင်ရည်ရှိစေရန်အတွက် ပြည်သူများ၏ စားဝတ်နေရေး အထူးသဖြင့် လူနေမှုစရိတ်သည် အစိုးရ၏ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။**ဆင်ဟွာ**

# ကမ္ဘောဒီးယားတွင် လူပေါင်း ၅ ဒသမ ၁၃ သန်း အကြွေးဝန်ပိနေဟု စီဘီစီထုတ်ပြန်

**ဖနောင်ပင် မတ် ၂၅**

ကမ္ဘောဒီးယားတွင် လူပေါင်း ၅ ဒသမ ၁၃ သန်းခန့်သည် ၂၀၂၅ ခုနှစ်အကုန်တွင် တရားဝင်ငွေချေးသူများထံမှ စုစုပေါင်းချေးငွေ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၁၃ ဘီလီယံကို ရယူသုံးစွဲခဲ့ကြောင်း ကမ္ဘောဒီးယားချေးငွေမှတ်တမ်းဌာန (စီဘီစီ) ၏ မတ် ၂၅ ရက်တွင် ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြထားသည်။

စုစုပေါင်းကြွေးမြီပမာဏသည် ဒေါ်လာ ၅၉ ဘီလီယံမှ နောက်ထပ် ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးလာသောကြောင့် ချေးငွေရယူသုံးစွဲသူဦးရေသည်လည်း ၂၀၂၄ ခုနှစ်ကုန်တွင် ၅ ဒသမ ၀၄ သန်းမှ နောက်ထပ် ၁ ဒသမ ၇၈ ရာခိုင်နှုန်းသို့ တိုးလာကြောင်း ကိန်းဂဏန်းများအရ သိရသည်။

မြို့တော် ဖနောင်ပင်၊ ကန်ဒရယ်နှင့် ကွမ်စပီပြည်နယ်တို့တွင် ချေးငွေစုစုပေါင်းပမာဏ၏ ၆၁ ရာခိုင်နှုန်းရှိသည်။ ဖနောင်ပင်တွင် ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆၆ ဘီလီယံဖြင့် အများဆုံးဖြစ်ကာ နိုင်ငံလုံးဆိုင်ရာ ချေးငွေ လက်ကျန်၏ ၅၁ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေချေးသူ စုစုပေါင်း ၇၂၃၀၀၀ ရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

ရက် ၉၀ ကျော်လွန်သွားသည့် ချေးငွေအချိုးသည် ၂၀၂၅ နှစ်ကုန်တွင် ၆ ဒသမ ၄၆ ရာခိုင်နှုန်းရှိသည်ဟု အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ အစီရင်ခံစာအရ အဆိုပါကိန်းဂဏန်းများသည် စီဘီစီ၏ အဖွဲ့ဝင်များဖြစ်သည့် ဘဏ်ပေါင်း ၁၉၆ ဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများထံမှ ရရှိသော သတင်းရင်းမြစ်များ ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မဟာအာဖရိကဦးချိုဒေသ၌ ဧပြီလမှ ဇွန်လအထိ ပုံမှန်ထက်ပိုသော မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ကြုံတွေ့နိုင်

**နိုင်ရိုဘီ မတ် ၂၅**

မဟာအာဖရိကဦးချိုဒေသ (GHA) သည် လာမည့်ဧပြီလမှ ဇွန်လအထိ ပုံမှန်ထက်ပိုသော မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း အစိုးရများအကြား ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (IGAD) ၏ ရာသီဥတုဆိုင်ရာ ခန့်မှန်းချက်များနှင့် အသုံးချရေးစင်တာက မတ် ၂၄ ရက်တွင် ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကို အီသီယိုးပီးယား၊ အီရီထရီးယား၊ ဆိုမာလီယာ၊ ဆူဒန်၊ တောင်ဆူဒန်၊ ကင်ညာ၊ ယူဂန္ဒာ၊ ရဝမ်ဒါ၊ ဘူရွန်ဒီနှင့် တန်ဇန်နီးယားနိုင်ငံတို့တွင် တွေ့ကြုံနိုင်ကြောင်း အဆိုပါ စင်တာက ဆက်လက်ပြောသည်။



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အဆိုးရွားဆုံး ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

မိုးသည်းထန်စွာ ရွာသွန်းနိုင်ခြေရှိသော်လည်း အီသီယိုးပီးယား၊ ကင်ညာနှင့် ဆူဒန်နိုင်ငံတို့ အပါအဝင် ဒေသအများအပြား၏ ရာသီအလိုက်အပူချိန်မှာ ပုံမှန်ထက် ပိုမိုပူပြင်းနိုင်ကြောင်း ရာသီဥတုဆိုင်ရာ ခန့်မှန်းချက်များနှင့် အသုံးချရေးစင်တာက ခန့်မှန်းထားသည်။

အာဖရိကဦးချိုဒေသရှိ နိုင်ငံများသည် လတ်တလောတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေသည့် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ ကင်ညာနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း ရေကြီး ရေလျှံမှုကြောင့် လူပေါင်း ၈၀ ထက်မနည်း သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း အမျိုးသားရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အိုင်အက်စ် အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်သည့် သံသယရှိသူ ၈၈ ဦးကို တူကီယဲအာဏာပိုင်များ ဖမ်းဆီး

**အန်ကာရာ မတ် ၂၅**

ပြည်နယ် ၂၄ ခုတွင်ပြုလုပ်ခဲ့သော ပေါင်းစပ်ညှိနှိုင်းစီးနင်းမှုအတွင်း အိုင်အက်စ် အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်သည်ဟု သံသယရှိသူ ၈၈ ဦးကို တူကီယဲအာဏာပိုင်များက ဖမ်းဆီးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက မတ် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ အကြမ်းဖက်အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းနှင့် အိုင်အက်စ်အဖွဲ့သို့မဟုတ် ယင်းနှင့်ဆက်စပ်နေသည့် လူပုဂ္ဂိုလ်များကို တစ်ဦးချင်းဖြစ်စေ “ပရဟိတ” အဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ရည်ရွယ်ချက်ရှိရှိ ငွေကြေးပံ့ပိုးကူညီမှုအပါအဝင် ပြစ်မှုကျူးလွန်သည်ဟု ယူဆရသည့် သံသယရှိသူများသည် စွဲချက်တင်ခံရမည်ဖြစ်သည်။

သံသယရှိသူများအဖြစ် ထိန်းသိမ်းခံထားရသူများသည် ဆိုရှယ်မီဒီယာပလက်ဖောင်းများမှတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်မှုတွင် ပါဝင်နေသည်ဟု စုံစမ်းစစ်ဆေးသူများက တွေ့ရှိထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေးအတွင်း များပြားလှသော စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

တူကီယဲနိုင်ငံသည် အိုင်အက်စ်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၃ ခုနှစ်တွင် တရားဝင်သတ်မှတ်ခဲ့ပြီး ပြည်တွင်းပြည်ပတွင် အကြမ်းဖက်နှိမ်နင်းရေးဆိုင်ရာ စစ်ဆင်ရေး အများအပြား ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေး ဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(မတ်လ၊ ၂၀၁၆)**

### နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ အမြင့်ဆုံးအပူချိန်များ ၂၅-၃-၂၀၁၆

| စဉ် | မြို့အမည် | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁ | ချောက်မြို့ | ၄၀.၄ | ၁၀၄.၇ |
| ၂ | မင်းဘူးမြို့ | ၃၉.၆ | ၁၀၃.၃ |
| ၃ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၉.၅ | ၁၀၃.၁ |
| ၄ | ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၉.၄ | ၁၀၂.၉ |
| ၅ | တောင်ငူမြို့ | ၃၉.၃ | ၁၀၂.၇ |
| ၆ | ပဲခူးမြို့ | ၃၉.၃ | ၁၀၂.၇ |
| ၇ | ထားဝယ်မြို့ | ၃၉.၁ | ၁၀၂.၄ |
| ၈ | ကော့ကရိတ်မြို့ | ၃၉.၁ | ၁၀၂.၄ |
| ၉ | မြင်းခြံမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၀ | မကွေးမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၁ | ဆင်ဖြူကျွန်းမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၂ | ရွှေဘိုမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၃ | ဘားအံမြို့ | ၃၉.၀ | ၁၀၂.၂ |

## မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**မအူပင် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအတွင်း ကျင်းပသည်။

ဦးစွာ မအူပင်မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးက မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်ရခြင်း၏ သဘောတရားများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အမြန်ဆုံး မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဝန်ထမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်နည်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တောင်ငူမြို့၌ ရွှေ့လျားမော်တော်ယာဉ်ဖြင့် ပြည်သူများလက်ဝယ်အရောက် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး



တောင်ငူ မတ် ၂၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးမှ ပြည်သူများစာဖတ်သည့် အလေ့အထများရှိလာစေရန်၊ စာပေကို လက်လှမ်းမီစွာ ဖတ်ရှုလေ့လာနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတများ ကြွယ်ဝလာပြီး အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားတတ်စေရန်၊ လူငယ်လူရွယ်များအချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ယမန်နေ့က ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက် ငှားရမ်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအား သုတ၊ ရသ စာအုပ်များကို တစ်ကြိမ်လျှင် နှစ်ပတ်ကြာအထိ အခမဲ့ငှားရမ်းပေးပြီး အသင်းဝင်ရောက်လိုသူများကိုလည်း အသင်းဝင်ကတ်များ ရရှိရေးအတွက် ဆောင်ရွက်ပေးကာ ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများသို့ အလှည့်ကျစနစ်ဖြင့် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

တိုက်ကြီး မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဂျိုးဖြူစံပြကျေးရွာ ဂျိုးဖြူစာကြည့်တိုက်၌ ဆောင်ရွက်သည်။

ဦးစွာ ဂျိုးဖြူစာကြည့်တိုက် ကော်မတီနာယက ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားစေခြင်း၊ စာအုပ်ဖတ်ရှုခြင်းမှတစ်ဆင့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်း မြင့်တက်စေခြင်းနှင့် စာဖတ်ခြင်းကသာ လူတစ်ယောက်၏ အရည်အသွေးကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုပြီး ဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်း ကြက်ခြေနီသင်တန်းဖွင့်



စလင်း မတ် ၂၅

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် ကြက်ခြေနီသင်တန်းကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ အခြေခံရှေးဦးပြုစုခြင်း ကြက်ခြေနီသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က အထက (၁) ကျောင်း စာသင်ဆောင်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က နွေရာသီကျောင်းပိတ်ရက် ကြက်ခြေနီသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ သင်တန်းနည်းပြဆရာဦးမင်းအောင်က သင်တန်းတွင် သင်ကြားပို့ချပေးမည့် အခြေခံရှေးဦးပြုစုခြင်း သင်ခန်းစာများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကြက်ခြေနီသင်တန်း သင်ထောက်ကူပစ္စည်းများကို သင်တန်းနည်းပြဆရာ ဦးမင်းအောင် ထံသို့လည်းကောင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ရဲမှူးအောင်သူက သင်တန်းနည်းပြဆရာ ဦးသူရမြင့်ဝေ၊ မြို့မိမြို့ဖ ဦးစိန်လင်းက သင်တန်းနည်းပြဆရာထံသို့လည်းကောင်း ပေးအပ်သည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၄၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်မှ ၃၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်



မြင်းခြံ မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ၁၃ ရပ်ကွက်မှ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ပေးအပ်သည်။

မတ် ၁၉ ရက် နံနက်ပိုင်းက မီးလောင်မှုကြောင့် နေအိမ်များ ပျက်စီးသွားသည့် အိမ်ထောင်စုခုနစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးခုနစ်ပုံး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၉၄၅၀၀၀ ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းလင်းနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပေးအပ်ရာ မီးဘေးသင့်အိမ်ထောင်စုများက လက်ခံခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**



## ကျိုက်ထိုမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်း ဆင့်ပွားသင်တန်းဖွင့်

ကျိုက်ထို မတ် ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးခြင်း (MHPSS) ဆင့်ပွားသင်တန်းကို ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခြေခံပညာဦးစီးဌာန ပညာရေးမှူး ဦးမောင်ညိုက သင်တန်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အမှာစကားပြောကြားပြီး အဆိုပါသင်တန်းတွင် ကျန်းမာပျော်ရွှင်မှု၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ဖိစီးမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကနဦး ကူညီစောင့်ရှောက်မှု (PFA) မိတ်ဆက်ခြင်းနှင့်ပံ့ပိုးလုပ်ဆောင်ခြင်း၊ PFA ပံ့ပိုးသူတစ်ဦး၏စွမ်းရည်များ၊အရည်အချင်းများ၊ PSS လုပ်ငန်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း စသည့်ဘာသာရပ်များ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၅၈ ဦးတို့အား ပညာရေးဌာနမှ သင်တန်းနည်းပြ ၁၅ ဦးတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

## သန်လျင်မြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး



သန်လျင် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သက်သက်နွယ်က ဇဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာနှင့် ပတ်သက်၍ ပြည်သူများပိုမိုသိရှိနိုင်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းဝင်း( သန်လျင်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကျောင်းကုန်းမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

**ကျောင်းကုန်း မတ် ၂၅**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မီးသွေးတိုက်နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းဒေသကြီးပညာရေးမှူး ဦးခင်မောင်ထွေး၊ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ကျောင်းအကျိုးဆောင် ဦးကျော်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့ကြသည်။



အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၁၀၊ အနံ ပေ ၃၀၊ အာရ်စီစီ နှစ်ထပ်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၅၀၈ ဒသမ ၃၆၈ သန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## နတ်မောက်မြို့၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး သင်တန်းဖွင့်

**နတ်မောက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာ နေထိုင်တတ်စေရန်ရည်ရွယ်၍ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေးသင်တန်းကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းကို နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် စိတ်ဖိစီးမှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အရည်အချင်းရှိစေရန်၊ မိမိတို့၏စိတ်ခံစားချက်များကို ကောင်းမွန်စွာစီမံခန့်ခွဲတတ်စေရန်၊ သူငယ်ချင်းအချင်းချင်းနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်း ကိုယ်ချင်းစာတရားဖြင့် ကူညီရိုင်းပင်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျွမ်းကျင်ပညာရှင်ဆရာ ဆရာမများက စိတ်ကျန်းမာရေး အခြေခံဗဟုသုတများ၊ စိတ်ဖိစီးမှုလျှော့ချနည်းများ၊ လူမှုဆက်ဆံရေး အရည်အချင်းများနှင့် ကိုယ်ချင်းစာတရားခေါင်းစဉ်များကို သင်ကြားပေးလျက်ရှိရာ သင်တန်းတွင် ကျောင်းအုပ်ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

## မိုးနဲမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းဖွင့်

**မိုးနဲ မတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မြို့နယ်ပညာရေးဌာနက ကြီးမှူး၍ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်နီလာက အမှာစကားပြောကြားပြီး ကြီးကြပ်အဖွဲ့နှင့် နည်းပြဆရာ ဆရာမသုံးဦးတို့က သင်တန်းကို ဆက်လက်ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ကြိုဆိုမိတ်ဆက်ခြင်း၊ ကျောင်းများတွင် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်း၏ သဘောသဘာဝ၊ စိတ်ပိုင်းဆိုင်ရာ ကနဦး ကူညီစောင့်ရှောက်မှုပေးခြင်း၊ စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်း၊ ဘေးကင်းလုံခြုံပြီး ကာကွယ်စောင့်ရှောက်မှုပေးသည့် သင်ယူပျော်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ရေးအစီအစဉ် စသည်ဖြင့် အခန်းပေါင်း ခုနစ်ခန်းပါဝင်သည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၄၇ ဦး တက်ရောက်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မြစ်သားမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေးအထောက်အပံ့ပေးရေး ဆင့်ပွားသင်တန်းဖွင့်

**မြစ်သား မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရေး မြို့နယ်အဆင့် ဆင့်ပွားဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်သင်းသီရိက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးရာတွင် ကျောင်းနေအရွယ် ကလေးငယ်များအား စိတ်ထိခိုက်စေနိုင်သည့် အချက်များမှ ကာကွယ်ခြင်းကို စည်းကမ်းတကျ သင်ကြားပြသနိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲကို သင်တန်းမှူး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်နိုင်မင်း၊ သင်တန်းကြီးကြပ် ဆရာကြီးနှစ်ဦး၊ သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီး ၁၈ ဦးတို့က ဦးဆောင်ကြီးကြပ်၍ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မြစ်သားမြို့နယ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ၂၀၀ ခန့် တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



## မချမ်းဘောမြို့၌ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေးအသိပညာပေးဟောပြော

**မချမ်းဘော မတ် ၂၅**

ဒေသခံပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာများကို သိရှိစေရန်ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မချမ်းဘောမြို့ ဂူဘားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပူတာအိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာကိုကိုကြီးနှင့် မြို့နယ်ဥက္ကဋ္ဌ ဒေါ်နွေးနန္ဒာအောင်တို့က မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ အမျိုးသမီးများတွင်ဖြစ်တတ်သော သားအိမ်ခေါင်းကင်ဆာရောဂါ၊ ရင်သားကင်ဆာဆိုင်ရာများကို အသိပညာပေးဟောပြောပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးအောင်မင်းဦးက ရာသီတုပ်ကွေးရောဂါ၊ နှာစေးချောင်းဆိုးနှင့် ငှက်ဖျားရောဂါ၊ မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဝတ်စုံများနှင့် အာဟာရမုန့်များထောက်ပံ့ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ကျန်းမာရေးမှူးတို့က လက်ခံရယူကြပြီး တက်ရောက်လာကြသော ဒေသခံပြည်သူမိခင် ၇၀ တို့အား အာဟာရမုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**

## တံတားမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေဝါသနာရှင်များနှင့် (Youth Club)အဖွဲ့ဝင်များပူးပေါင်း၍ စာရေးဆရာ မြင်းခြံကျော်အောင် ရေးသားသည့် "ကြီးပွားအောင်မြင် အောင်ပန်းကိုဆင်"စာအုပ်ဖြင့် မတ် ၂၃ ရက်က စာဖတ်ဝိုင်းကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဖြူလွင်က စာဖတ်ဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Youth Club အဖွဲ့ဝင် မောင်မင်းခန့်နိုင်က "အောင်မြင်မှု၏ အခြေခံအုတ်မြစ်နှင့် အလေ့အထကောင်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး Youth Club အဖွဲ့ဝင် မောင်ဘုန်းခန့်ကျော်က "စိတ်ခွာတ်ကြံ့ခိုင်မှုနှင့် အောင်မြင်မှုဆီသို့ လျှောက်လှမ်းခြင်း" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးသည်။ ယင်းနောက် စာပေဝါသနာရှင်များက စာအုပ်ပါအကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးကာ အတွေးအမြင်ဗဟုသုတများ ဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်၊ စာစောင်များကို တက်ရောက်လာကြသော စာပေဝါသနာရှင်များက လေ့လာကြည့်ရှုငှားရမ်းခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်း**



## မြစ်ကြီးနားမြို့၌ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**မြစ်ကြီးနား မတ် ၂၅**

ပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေးနှင့် လူမှုတာဝန်ယူစိတ် မြင့်တင်နိုင်စေရေး ရည်ရွယ်၍ Cleaning Campaign အဖြစ် မြစ်ကြီးနားမြို့ မင်းရဲပ်ပြည်သူ့အားကစားကွင်းနှင့် ကမ်းနားလမ်းတစ်လျှောက်တို့တွင် ယမန်နေ့ နံနက်ပိုင်းက ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိုက်နဲ့ဆောင် တက်ရောက်အားပေးခဲ့ပြီး မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်တွင်းလူငယ် မိတ်သဟာယအသင်းမှ ဒေသခံလူငယ် ၄၅၀ ခန့်တို့ စုပေါင်း၍ မြစ်ကြီးနားမြို့ မင်းရဲပ်ကွက် ပြည်သူ့အားကစားကွင်း အတွင်းအပြင်နှင့် ကမ်းနားလမ်းတစ်လျှောက် ၃ ဒသမ ၄ ဧကကျော်ကို အမှိုက်ကောက်ခြင်းနှင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းခဲ့ကြသည်။

ထို့အတူ ညနေပိုင်းတွင်လည်း ပြည်နယ်မိုးလုံလေလုံအားကစားခန်းမ၌ Cleaning Campaign တွင် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်တွင်းလူငယ် မိတ်သဟာယ အသင်းအဖွဲ့အား အခမ်းအနားဖြင့် ဂုဏ်ပြုကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဂုဏ်ပြုပွဲတွင် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်တွင်းလူငယ် မိတ်သဟာယအသင်းမှလူငယ်များ၏ တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ Cleaning Campaign



ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးက Cleaning Campaign တွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပြည်တွင်း လူငယ်မိတ်သဟာယ အသင်းအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးက Cleaning Campaign ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## မုဒုံမြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ် (၁၂၀) ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မုဒုံ မတ် ၂၅**

မွန်ပြည်နယ် မုဒုံမြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၏ နှစ် (၁၂၀) ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အထက (၁) ကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၇ ဦးက "လူသားနှင့် မင်္ဂလာတရားတော်" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး မြို့နယ်ပညာရေးမှူးရုံးမှ ကြီးကြပ်၍ မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦး၊ မြို့နယ် YMBA အသင်းဥက္ကဋ္ဌ ဦးလင်းခိုင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)



## မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသပေး

**အထက်မင်းလှ မတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊



နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့ နံနက် ၉ နာရီခွဲက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများအား အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။ မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

## မိုင်းဖြတ်မြို့နယ်၌ (မြန်မာ့သိုင်း)အခြေခံဖန်တို သင်တန်းဖွင့်

**မိုင်းဖြတ် မတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် (မြန်မာ့သိုင်း)အခြေခံဖန်တို သင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သင်တန်းသူများကို အားကစားဝတ်စုံများ ပေးအပ်ခဲ့သည်။

ထို့နောက် နည်းပြဆရာက (မြန်မာ့သိုင်း)ကို လက်တွေ့သင်ကြားပြသခဲ့သည်။ အဆိုပါသင်တန်းကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာ့သိုင်းအခြေခံဖန်တို ၆၃ ကွက်ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လွိုင်လင်ခရိုင်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**လွိုင်လင် မတ် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ လွိုင်လင်မြို့ရှိ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်နှင့် ဦးစီးအရာရှိ ဒေါ်နန်းပြည့်စန္ဒီမြင့်တို့က တပ်မတော်နေ့အကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။



ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲကိုကျင်းပရာ လွိုင်လင်မြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မရမ်းကုန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းများဆောင်ရွက်

**မရမ်းကုန်း မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှစ်မိုင်ခွဲ၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်အောက်ရှိ ရုံးများ၊ အလုပ်ရုံ၊ သိုလှောင်ရုံများနှင့် ဝန်ထမ်းအိမ်ရာများရှိ ဝန်ထမ်းမိသားစုများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းကို အဆိုပါဦးစီးဌာနရှိ TRAINING CENTER ခန်းမ၌ မတ် ၂၄ ရက်က ကျင်းပသည်။

ဦးစွာ စက်မှုတိုင်း-၁ ညွှန်ကြားရေးမှူး ဦးထွန်းအောင်နိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးဇာနည်ထက်က မီးဘေးလုံခြုံရေးအတွက် အမြဲသတိမူရေး၊ မီးလောင်ပါက မီးသတ်ဆေးဘူးကို နည်းလမ်းမှန်ကန်စွာ အသုံးပြုနည်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများအား အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိက လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသကာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့်ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကံမမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး



**ကံမ မတ် ၂၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်တိုင်းကျေးရွာအုပ်စု တောင်စကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ (၁၂)ကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ရပ်မိရပ်ဖများ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက စီမံကိန်းလက်စွဲစာအုပ်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

**ထုတ်ချေးပေးခဲ့**

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်စကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ကို ငွေကျပ် ၁၇ ဒသမ ၁၈သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၉ ဒသမ ၃၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ဝ ဒသမ ၉၇ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ဝ ဒသမ ၉၂ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၉ ဒသမ ၇၇ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၈ ဒသမ ၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘ်လူး**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

ယနေ့ မြန်မာစံတော်ချိန်(၁၇)နာရီ၊ (၅၂)မိနစ်၊ (၃၆)စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အရှေ့ဘက် (၈၁) မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဘော်လခဲမြို့၏ အရှေ့တောင်ဘက် (၂၅) မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် (၁၉.၀၀) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၇.၆၉) ဒီဂရီ၊ အနက် (၁၀) ကီလိုမီတာကို ဗဟိုပြု၍ အင်အားပမာဏ (၄.၀)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## မီးသတ်ဦးစီးဌာနက မီးသတိမူရေးနှင့် စက်သုံးဆီဖူလုံမှုရှိစေရေး ညွှန်ကြားချက်များ လှည့်လည်ဆော်ဩ




**ပေါင် မတ် ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနသည် ပြည်သူများ မီးသတိမူရေးနှင့် စက်သုံးဆီဖူလုံမှုရှိစေရေး ညွှန်ကြားချက်များဆော်ဩခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမြတ်ကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတိမူရေးနှင့် စက်သုံးဆီဖူလုံမှုရှိစေရေး ညွှန်ကြားချက်များဖြစ်သော ပြည်သူများက စုံ/မ သတ်မှတ်ချက်များနှင့်အညီ စက်သုံးဆီများ ဝယ်ယူရန်နှင့် စက်သုံးဆီဆိုင်များကလည်း ညွှန်ကြားချက်များ အတိုင်း ရောင်းချရေးတို့ကိုလိုက်လံဆော်ဩနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိက ပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက် ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက် ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန် တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေ အစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာ တွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦး နှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦး ရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## တပ်ကုန်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးလိုက်လံစစ်ဆေး

**တပ်ကုန်း မတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင် ကာကွယ်ရေး စစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် စစ်ဆေးအကြံပေး လုပ်ငန်းများနှင့် ဆီထည့်နေစဉ် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်စက်များ စီတန်းရာတွင်လည်း ယာဉ်တစ်စီးချင်းအလိုက် ကားတစ်စီးစာ ချန်လှပ်၍ စီတန်းပေးရန်နှင့် ဆီဖြည့်နေစဉ်အတွင်း Trolley Type မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် ကျွမ်းကျင်စွာလေ့ကျင့်ပေးထားသော ဝန်ထမ်းအား သီးခြားတာဝန်ပေးအပ်ထားရန်၊ ပူပြင်းရာသီ၌ ဆီဖြည့်ရာတွင် အထူးဂရုပြုဆောင်ရွက်ရန် အကြံပေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ဖောင်းပြင်မြို့၌ အမျိုးသား(အလွတ်တန်း) ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဖောင်းပြင် မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလားအမျိုးသား(အလွတ်တန်း) ဘောလုံးအားကစားပြိုင်ပွဲကို မြို့နယ်အားကစားကွင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒိုင်လူကြီးများ၊ အားကစားကြီးကြပ်ရေးကော်မတီဝင်များ၊ အားကစားသမားများက နိုင်ငံတော်အလံအား အလေးပြုကြပြီး အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်က ဘောလုံးအားကစားပြိုင်ပွဲကို ကွင်းအတွင်းသို့ ဘောလုံးကန်သွင်းကာ ဖွင့်လှစ်ပေးပြီး ကွင်းဖွင့်ပွဲစဉ်အဖြစ် Union of Department FC အသင်းနှင့် ပိုးသစ်အောင်လံ FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပိုးသစ်အောင်လံ FC အသင်းက Union of Department FC အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အဆိုပါ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလားအမျိုးသား(အလွတ်တန်း) ဘောလုံးအားကစားပြိုင်ပွဲတွင် ဘောလုံးအသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၇ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ဂတ်စ်အရောင်းဆိုင်များ မီးဘေးအန္တရာယ်လုံခြုံရေးကွင်းဆင်းစစ်ဆေး

**ဓနုဖြူ မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဂတ်စ်အရောင်းဆိုင်များ မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေး



ပစ္စည်းများ ကောင်းမွန်မှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၉) ရပ်ကွက်ရှိ ဦးကျော် ဂတ်စ်နှင့် ဂတ်စ်မီးဖိုအပိုပစ္စည်းရောင်းဝယ်ရေးဆိုင်၌ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဝင်းလှိုင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး ထားရှိမှုများနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှု ရှိ/မရှိကို စမ်းသပ်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ်
# အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။





## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။





အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက် များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။



အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/55844 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/2796 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၈၇၅၉, Canda-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိချိုဇင် ၉/ဥတသ(နိုင်)၀၁၁၈၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၀၀၇၃၇, Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းနွဲ့ ၉/လဝန(နိုင်)၂၀၄၇၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မယ်ဇီကုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇(ကမာရွတ်)၊ မြေကွက်အမှတ်(၁၂)၊ ဧရိယာ (၁.၈၅၀)ကေခန့်ရှိ မြေပိုင်မြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများသိစေရန်အတွက် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးစိန်မောင်လမ်းသွယ်နေ (၁)ဒေါ်မာလာစိန်မောင်၊ (၂)ဦးစိုးမင်း(ခ)ဦးစိန်တင် (ကွယ်လွန်)၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ (က) ဒေါ်ဥမ္မာမင်း၊ (ခ) ဦးကျော်ကျော်မင်း၊ (ဂ) ဒေါ်ခင်မျိုးမင်း နှင့် (၃) ဦးတင်ထွဋ် (ခ) ဦးပီတာ (ကွယ်လွန်)၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ (ဃ) ဦးမျိုးသန့်၊ (င) ဦးစိုးသန့်၊ (စ) ဒေါ်လှစုနွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လ (၈) ရက် မြန်မာ့အလင်းသတင်းစာပါကြေညာစာအရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မယ်ဇီကုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇(ကမာရွတ်)၊ မြေကွက်အမှတ်(၁၂)၊ ဧရိယာ (၁.၈၅၀) ကေရှိ အဘိုးဖြစ်သူ ဦးစိန်မောင်အမည်ပေါက်မြေကွက်သည် ဦးစိန်မောင်ကွယ်လွန်ပြီးနောက်အဘွားဒေါ်တင်အေးမှပိုင်ဆိုင်ခဲ့ပါသည်။ထို့ကြောင့်အထက်ပါမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို သားသမီးများဖြစ်ကြသည့် ဦးစိုးမင်း (ခ) ဦးစိန်တင်ပါ (၆) ဦးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်ပေါ်တွင်အမွေဆက်ခံပိုင်ဆိုင်သူ (၆)ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ရောင်းချပေါင်နှံပေးကမ်းခြင်း၊ အဆင့်ဆင့် ငှားရမ်းခြင်း စသည်တို့ ပြုလုပ်၍မရကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး (၁)ဒေါ်မာလာစိန်မောင်၊ (၂)ဦးစိုးမင်း(ခ)ဦးစိန်တင် (ကွယ်လွန်)၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ (က) ဒေါ်ဥမ္မာမင်း၊ (ခ) ဦးကျော်ကျော်မင်း၊ (ဂ) ဒေါ်ခင်မျိုးမင်း၊ (၃) ဦးတင်ထွဋ် (ခ) ဦးပီတာ(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ (ဃ) ဦးမျိုးသန့်၊ (င) ဦးစိုးသန့်၊ (စ) ဒေါ်လှစုနွယ် တို့၏ ခွင့်ပြုချက်မရဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ မူလအနေအထားမှပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်အတွက် အများသိစေရန် ထပ်မံ၍ အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကွယ်လွန်သူဦးစိန်မောင်နှင့်ဇနီး ဒေါ်တင်အေးတို့၏ သားသမီးအရင်းအခြာ နှင့် အမွေဆက်ခံပိုင်ခွင့်ရှိသူအားလုံးထံမှ တူညီသောသဘောတူခွင့်ပြုချက်ရယူခြင်းမရှိဘဲ မိမိတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် အခကြေးငွေယူပြီး ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အိမ်ဆောက်လုပ်ပြုပြင်ခြင်းတို့တွင် အသိအမှတ်ပြုလက်မှတ်ရေးထိုးခြင်းပြုလုပ်ခဲ့ပါက အထက်ဖော်ပြပါအမွေဆိုင်များမှ အသိအမှတ်မပြုကြောင်းနှင့် ယင်းသို့ပြုလုပ်ခြင်းသည် တရားမဝင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်အကြောင်းအရာပါကိစ္စများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါ မြေကွက်ပေါ်တွင် နေအိမ်များဆောက်လုပ်နေထိုင်ကာ ဝင်ရောက်ကျူးကျော်သူများအနေဖြင့် ယခုကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်၍ မိမိပြုလုပ်ထားသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန်နှင့် လာရောက်ဆက်သွယ်သူများကိုသာနစ်နာမှုမရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ထို့ကြောင့်ဤကြေညာပါသည့်(၇)ရက်အတွင်းကျွန်ုပ်မိတ်ဆွေကိုဖြစ်စေ၊ ကျွန်ုပ်ကိုဖြစ်စေလာရောက်တွေ့ဆုံညှိနှိုင်းခြင်းမရှိပါက မိမိပိုင်ဆိုင်သောပုံစံဖြင့် စာချုပ်စာတမ်းပြုလုပ်ထားသူများ၊ ခွင့်ပြုချက်မရှိဘဲ အိမ်ဆောက်လုပ်ကျူးကျော်နေထိုင်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာအောင် (LL.B) ဒေါ်ဇင်မာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးမျိုးအောင် (BA,PGDL,DBL)၊ ဒေါ်ခင်နှင်းသူ (LL.B, DIL)၊**
**ဒေါ်သီတာဦး (LL.B, DBL)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅၈၊ ၅၉)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၆၂၉၆၉၅၉၊ ၀၉-၆၉၆၆၆၅၁၅၅၊ ၀၉-၇၉၈၁၂၆၆၇၀၊ ၀၉-၇၈၉၉၉၅၉၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၉၅၀)ဟုခေါ်တွင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးထားသည့် ဦးစောလူဒီ (AD-၀၀၀၈၀၅)အမည်ပေါက် မြေချပါမစ်၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စပယ်အောင် ၁၂/သလန(နိုင်)၀၀၇၅၂၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်မာလွင် ၁၂/လသယ(နိုင်) ၀၄၁၈၅၁နှင့် ဒေါ်လင်းသီရိအောင် ၁၂/လကန(နိုင်)၁၉၅၀၀၀ တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေနွယ်အောင် LL.B,DL-101(Ver-2),WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၈၄၇)**
**၆/၁ ခွာညိုလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၂၇၂၇၂၊ ၀၉-၉၆၄၂၀၇၂၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သူလင်း (၁၄/ဟသတ(နိုင်)၂၃၆၇၀၈) ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်း/အကွက်အမှတ် (၆၈၁/ဂ)၊ ဦးပိုင်အမှတ်(၃၀/၂)၊ မြေဧရိယာ(၁ .၀၀) ဧကမှခွဲ အကွက်အမှတ် (၇၁၃/ခ)၊ မြေအကျယ်အဝန်း (၄၈ x ၅၂) ပေ အကျယ်ရှိ အုတ်တံတိုင်းကာရံထားပြီးဖြစ်သည့် မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ RC (၂)ထပ် အဆောက်အအုံ၊ ရေ၊ မီး၊ မီတာ အပါအဝင် ယင်းတို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်များကို စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်သူ ဦးကျော်လင်းအောင် (၁၃/တမည(နိုင်)၀၀၆၈၅၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပစ္စည်းရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ထံသို့ဖြစ်စေ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက် ကျော်လွန်သည့်တိုင်အောင်လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၃၀၇)**
**အမှတ် (၂၉)၊ အလယ်စု (B)လမ်း၊ ရပ်ကွက်ကြီး (၂၀)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၅၆၀၁၉၆၉၀**

## အမည်ပြောင်းလဲခေါ်ဝေါ်ပါရန်

ကန်ကြီးထောင့်မြို့၊ အမှတ် (၁) ရပ်ကွက်၊ စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းမှ Grade-8 ဖြေဆိုထားရှိသော (ဘ) ဦးဇော်မျိုးသူ ၏သမီး မဆုပြည့်နဒီထက် အား မစံဆုပြည့်သာ ဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။

**မစံဆုပြည့်သာ**
**၁၄/ကကထ(နိုင်)၃၉၇၀၅**

## ပတ်စ်ပို့ပျောက်

မောင်စိုးမိုးကျော် ၁၄/သပန(နိုင်)၁၂၈၉၃၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 581055)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၇၄၀၅၀၇၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 36W/50263 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/82908, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောပုလဲဝါး ၁၂/မဂဒ(နိုင်)၁၈၂၇၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/54556, Honda Wave i 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွန်း ၅/ကဘလ(နိုင်)၁၉၄၉၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

FAME RoseHip Herbal Joint Care နှင်းဆီသီးဆေး
TMR 014211 (0527) ၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
Ph: 09-95 500 5000
အဆစ်အမျက် ရောင်ရမ်းနာကျင်ခြင်းကို သက်သာစေခြင်း
FAME Arthrotec® Bio supplement for joint အဆစ်အားဖြည့်ဆေး
TMR 011382 (0627) ၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၄၇၆/ခ) ဟုခေါ်တွင်သော မြေအလျားxအနံ (၂၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည် ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအေး (၃/ဘအန(နိုင်)၅၂၉၀၁၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သီတာချန်း (၅/ကလထ(နိုင်)၀၀၀၃၃၃) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ စမ်းချောင်းမြို့နယ်၊ (လင်း/မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ မြေကွက်အမှတ်(၅၀)ဟုခေါ်တွင်သော မြေပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူဆောက်လုပ်ထားသော တိုက်ခန်းများ အနက် (မြေညီထပ်)၊အကျယ်အဝန်း အလျား (၁၂ ½)ပေ၊ အနံပေ(၅၀)၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်ဇာလင်း (၁၄/ပသန(နိုင်)၂၀၂၅၈၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မေသဇင်ဖူး (၁၂/စခန(နိုင်)၀၆၈၂၇၈) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်ဖူး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၀၉၈၉၂**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့(၂)ရပ်ကွက်၊အကွက်အမှတ်(၄)၊ ရခိုင်စု၊ ဦးပိုင်အမှတ်(၇၅-က)၊ ဧရိယာ (၀.၀၅၁)ကေရှိအောက် ဖော်ပြပါအလားအလာရှိသည့်-
(က) အရှေ့လားသော်-ဦးပိုင်(၈၂)၊ (ခ) အနောက်လားသော်-လျှပ်စစ်လမ်း၊
(ဂ) တောင်လားသော်-ဦးပိုင်(၇၆-က)၊ (ဃ)မြောက်လားသော်-ဦးပိုင်(၇၅-ခ )၊
အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးဆူစီလ်းကူမာရ်နှင့်ဒေါ်လက်ချ်မီးတို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၃) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်းကြော်ငြာစာ

ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ် (၂၆ˢ)၊ စပါယ်တပ်အကွက်၊ ဦးပိုင်အမှတ် (၅၀ᵐ)၊ မြေဧရိယာ (၀.၀၂၈)ကေရှိ မြေကွက်အား ကျိုက်ထိုမြို့နယ် မြေစာရင်းဦးစီးဌာန ၏ (၁-က)စာရင်းတွင် မူလပိုင်ရှင် ဖြစ်သူ မောင်ရဲမြင့်+မပုစီ အမည်မှ ဒေါ်ခိုင်သဉ္ဇာကျော် အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၆ ခုနှစ်၊ မတ်လ (၂၄) ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ မတိုင်မီရက် ပေါင်း (၃၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန ကျိုက်ထိုမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

